## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၂)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်အဆောက်အဦအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


**စာမျက်နှာ ၁၆ ကော်လံ ၄ ⭑**





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်)

# တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး

တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုသည် ဒွန်တွဲလျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုရှိမည်မဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက်လိုပါလျှင် တည်ငြိမ်အေးချမ်းမှုရရှိအောင်လုပ်ဆောင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများရှိနေခြင်းကြောင့် တစ်နိုင်ငံလုံးတစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟချက်ရှိနေခြင်းဖြစ်သည်။ သောင်းကျန်းသူကင်းစင်သောဒေသများသည် တည်ငြိမ်အေးချမ်းကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး သောင်းကျန်းသူအဖျက်သမားများရှိနေသည့်နေရာဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်းတည်ဆောက်ပေးထားသောလမ်းများ၊ တံတားများ၊ ဆည်တာတမံများ၊ စာသင်ကျောင်းများ၊ လျှပ်စစ်ဓာတ်အားဆက်သွယ်ထားသည့်တာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ အုပ်ချုပ်ရေးဆိုင်ရာရုံးအဆောက်အအုံများ စသည်တို့သည် ပြည်သူလူထု၏အခွန်ဘဏ္ဍာများဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်သည်။ အဆိုပါပြည်သူပိုင်ပစ္စည်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးနေသူများမှာ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအတွက် တံတားတိုကလေးတစ်စင်းပင် ဆောက်လုပ်ဖူးခြင်းမရှိသော်လည်း ဖျက်သည့်နေရာတွင်မူ အဖျက်စွမ်းအားကြီးမားစွာဖြင့်ဖျက်ဆီးခဲ့သည့်အတွက် နိုင်ငံတော်၏ဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခဲ့ရသည်။

တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးနှင့်အတူပေါ်ထွန်းလာပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ထမ်းဆောင်လျက်ရှိသည်။ ပြည်တွင်းသောင်းကျန်းမှုချေမှုန်းစစ်ဆင်ရေးများကို အောင်မြင်စွာဆင်နွှဲခဲ့သလို ပြည်ပကျူးကျော်မှုကိုလည်းအောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သည်။ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်ပတ်သက်လာလျှင် “တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး” ကို အလေးထားသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍ စည်းရုံးရေးအသွင်ဖြင့်သာဆက်ဆံလျက်ရှိပြီး ငြိမ်းချမ်းရေးသာ ရှေးရှုဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကိုအခွင့်ကောင်းယူကာ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့သည် မြို့ရွာများကိုပျက်စီးအောင်၊ ကျောင်းသား/ကျောင်းသူများစာသင်ကြားမှုမပြုနိုင်အောင်လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခဲ့သည့်အတွက် တည်ငြိမ်မှုပျက်ပြားကာ ဖွံ့ဖြိုးမှုသည်လည်းနှောင့်နှေးခဲ့သည်။ နစ်နာသူများမှာ ပြည်သူများဖြစ်သည်။ ပြည်သူတို့၏လူမှုစီးပွားဘဝများ၊ လူ့အခွင့်အရေးများဆုံးရှုံးခဲ့သည်။ ထို့ကြောင့်တပ်မတော်သည် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများဆင်နွှဲကာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ ခေတ္တချုပ်ကိုင်ထားသည့်မြို့ရွာများအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နောင်ချို၊ ကျောက်မဲ၊ သီပေါ စသည့်မြို့တို့ကို တပ်မတော်ကပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများက သီပေါမြို့အား အောက်တိုဘာလ ၁၇ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့သည်။ အစိုးရအုပ်ချုပ်မှုယန္တရားများပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ပြင်ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးလျက်ရှိသည်။

အကြမ်းဖက်အဖျက်သမားများဖျက်ဆီးခဲ့သည့် သီပေါမြို့နယ်ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ပြီး အောက်တိုဘာလ ၂၃ ရက်တွင်ဖွင့်လှစ်ပေးကာ တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှဆရာဝန်များနှင့်ဆေးရုံမှကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများက သီပေါမြို့ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးကြသည်။ အဆိုပါကျောင်း၌ အောက်တိုဘာလ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးအားလုံး တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်ထားရာတွင် **“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”** ဆိုသည့်အချက်လည်း ထည့်သွင်းချမှတ်ထားသည်။ ထို့ကြောင့် တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီးသည့်မြို့များတွင် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကိုဆောင်ရွက်လျက်ရှိသည်မှာ ပြည်သူလူထု၏အကျိုးစီးပွားကိုဦးထိပ်ထားလျက် နယ်မြေဒေသများတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန်**
**၆၂**
**ရက်**
**သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

---

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- ❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

## (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကျင်းပ

ကော့သောင်း အောက်တိုဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီးကော့သောင်းမြို့ပြည်တော်အေးသာသနာ့ဗိမာန်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၁)ကြိမ်မြောက် ခရိုင်နှင့်မြို့နယ်ဝန်ထမ်းပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်နှင့်မြို့နယ်ဝန်ထမ်းများ၊ စေတနာရှင်မိသားစုများလှူဒါန်းကြသည့် လှူဖွယ်ဝတ္ထုပစ္စည်း၊ ငွေပဒေသာပင်များအား ၃ မိုင် ပြည်သူ့ရင်ပြင်မှ ကော့သောင်းမြို့အတွင်း စီတန်းလှည့်လည်၍ ပြည်တော်အေးသာသနာ့ဗိမာန်တော်သို့ ပို့ဆောင်ကြသည်။

ထို့နောက် စုပေါင်းမဟာဘုံကထိန်အလှူတော်အား ဆက်လက်ကျင်းပရာ ဥဩပရိသတ်အပေါင်းတို့က သံဃာတော်အရှင်သူမြတ်များအား ဩကာသကန်တော့ချီးဖြင့် ရှိခိုးပူဇော်ကြပြီး ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဥူးပါမောက္ခထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ဥတ်သင်္ကန်းဆက်ကပ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်မိသားစုတို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုနှင့် ကထိန်သင်္ကန်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဥူးပါမောက္ခက ကထိန်သင်္ကန်းလှူဒါန်းပူဇော်ရခြင်း၏ အကျိုးတရားများနှင့် အနုမောဒနာတရားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၂၇-၁၀-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၂၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၂၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၁၆၁၅၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဧက ၂၆၅၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာဧက ၁၆၁၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ စိုက်ဧကပြည့်မီစေဖို့ အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့တာ ဧက ၂၆၅၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ နေကြာကို သီးသန့်စိုက်ပျိုးကြသလို တခြားသီးနှံတွေနဲ့ သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ ကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ကျောင်းကုန်း အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ဟင်းသီးဟင်းရွက်သီးနှံစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရည်ဝင်း၏ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ အောက်တိုဘာလပထမပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ တစ်ရက်လျှင် ပိဿာ ၅၀၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကထွက်ရှိတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက်မုန်လာဥဖြူတွေ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ အခု မုန်လာဥဖြူဈေးကလည်း အနည်းငယ်တက်လာပါတယ်"ဟု ဒေါ်ရည်ဝင်း ကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် ဟင်းသီးဟင်းရွက်သီးနှံစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဝါးနက်အပန်းဖြေဆင်စခန်းသို့ ယခုဘဏ္ဍာနှစ်ခြောက်လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၅၀၀၀ နီးပါး လာရောက်လည်ပတ်ခဲ့

မန္တလေး အောက်တိုဘာ ၂၆

မန္တလေးမြို့အနီးရှိ ဝါးနက်အပန်းဖြေဆင်စခန်းသို့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၅၀၀၀ နီးပါး လာရောက်လည်ပတ်ခဲ့ကြောင်း ဝါးနက်အပန်းဖြေဆင်စခန်းမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

ဝါးနက်အပန်းဖြေဆင်စခန်းသည် မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်ဂိတ်မှ ငါးမိုင်ခန့်အကွာတွင်ရှိပြီး လာမည့်ပွင့်လင်းရာသီတွင် လာရောက်အပန်းဖြေသူ ပိုမိုများပြားလာနိုင်သောကြောင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိသည့်အပြင် စခန်းရှိဆင်များဖြင့် ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

"ဝါးနက်အပန်းဖြေဆင်စခန်းကို ဒီဘဏ္ဍာနှစ် ပထမခြောက်လတာကာလအတွင်းမှာ ပြည်တွင်းခရီးသွားဧည့်သည် ၄၈၂၄ ဦးနဲ့ နိုင်ငံခြားခရီးသွားဧည့်သည် ၉၁ ဦး စုစုပေါင်း ၄၉၁၅ ဦး လာရောက်လည်ပတ်ခဲ့ပါတယ်။ ဝင်ကြေးက ပြည်တွင်းခရီးသွားဧည့်သည်တစ်ဦးကို ငွေကျပ် ၁၀၀၀၊ နိုင်ငံခြားခရီးသွားဧည့်သည်တစ်ဦးကို ငွေကျပ် ၁၀၀၀၀ ကောက်ခံပါတယ်။ ဆင်စီးပြီးလည်ပတ်သွားလာနိုင်အောင်လည်း ဝန်ဆောင်မှုပေးနေပြီးတော့ ခရီးတိုအတွက် ပြည်တွင်းခရီးသွားဧည့်သည်တစ်ဦးကို ငွေကျပ် ၃၀၀၀၊ ခရီးရှည်အတွက် ငွေကျပ် ၅၀၀၀ ဖြစ်ပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်တွေကိုတော့ ခရီးတိုဖြစ်စေ၊ ခရီးရှည်ဖြစ်စေ တစ်ဦးကို ငွေကျပ် ၁၀၀၀၀ ကောက်ခံပါတယ်" ဟု ဝါးနက်အပန်းဖြေဆင်စခန်းမှ တာဝန်ခံ ဦးဘိုကျော်ထွေးက ပြောသည်။

အဆိုပါ ဝါးနက်အပန်းဖြေဆင်စခန်းတွင် ဆင်များဘောလုံးကန်ခြင်း၊ ဆင်နှစ်ကောင်တွဲ၍ လမ်းလျှောက်ခြင်း၊ သံစုံဘာဂျာမှုတ်ပြခြင်း၊ ပုသိမ်ထီးဆောင်း၍သရုပ်ပြခြင်း အစရှိသော ဖျော်ဖြေတင်ဆက်မှုများအပြင် ဆင်တို့၏သဘာဝ၊ အလေ့အကျင့်များ၊ ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်ခြင်း စသည့် ဗဟုသုတဖြစ်ဖွယ်ရာများကိုလည်း ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးကြောင်း သိရသည်။

ထို့ပြင် ဆင်စခန်းအနီးဝန်းကျင်တွင် စားပင်များနှင့် အရိပ်ရအပင်များ စိုက်ပျိုးထားပြီး နားနေဆောင်များ ပြင်ဆင်ထားသည့်အပြင် သုံးထပ်ရေတံခွန်သွားသောလမ်းတွင် ဆင်စီးပြီးပို့ဆောင်ပေးသော ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်တို့မြန်မာပြည်၌ "စုန်း၊ တစ္ဆေ၊ ကဝေ" စသော အကြောင်းအရာများကို ရေးသားခြင်းသည် "ခေတ်နောက်ပြန်ဆွဲခြင်း" ဖြစ်သည်ဟု ပြောသူများက ပြောကြ၏။ နောင်ဘဝရှိသည်ဟု ယုံကြည်သူပေါများသည့် မြန်မာပြည်တွင် "တစ္ဆေသရဲ" စသော အခြင်းအရာများအကြောင်းကို မရေးသားထိုက်။ ရေးခဲ့လျှင်မဟုတ်တရုတ်တွေ ရေးခြင်းဖြစ်သောကြောင့် ခေတ်နောက်ပြန်ဆွဲရာရောက်သည်ဟု ပြောကြခြင်းသည် တကယ့်ပညာရှိများ၏စကားဟုတ်ပါလေ၏လောဟု ကျွန်ုပ်ကိုယ်တိုင်ယုံမှားခြင်းဖြစ်မိသည်။ (ဤနေရာ၌ ကျွန်ုပ်ကိုယ်တိုင် တပ်အပ်ပိုင်နိုင်စွာ ပြောဝံ့သည်မဟုတ်သောကြောင့် "ယုံမှားခြင်း"ဟူသောစကားကို သုံးထားခြင်းဖြစ်ပါသည်။) အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်ကိုယ်တိုင်မှာ ဆိုဗီယက်ယူနီယံ၌ ဂိုဏ်းနှစ်ဂိုဏ်းကွဲကြဖူးသည်ဆိုစဉ်ကတည်းက သင်ခန်းစာ ပါချင်ပါ၊ မပါချင်နေ ဇာတ်ကွက်၊ ဇာတ်လမ်းကောင်း၍ မညစ်ညမ်းလျှင် ရေးထိုက်သည်၊ ကပြထိုက်သည်ဟူသောဂိုဏ်းဘက်သို့ ခပ်ပါပါဖြစ်ခဲ့ဖူးပါသည်။ ကျွန်ုပ်၏အယူအဆကား ဇာတ်ကွက်၊ ဇာတ်လမ်းကောင်း၍ သင်ခန်းစာလည်းပါလျှင် အလွန်ကောင်းပါသည်။ သို့ရာတွင် အလွန်ကောင်းသော ဝတ္ထုတစ်ခုကို သင်ခန်းစာမပါဆိုသည့် အကြောင်းတစ်ခုတည်းဖြင့် မပစ်ပယ်ထိုက်၊ မသုံးဘဲ မနေထိုက်ဟူသည်ပင် ဖြစ်ပါသည်။ အထက်ပါရုရှားဇာတ်လမ်း၌လည်းကောင်း၊ လိပ်ပြာနှစ်ကောင် ဇာတ်လမ်း၌လည်းကောင်း သေပြီးသည့်နောက် တစ်ဖန်ပြန်တွေ့ပြီး ပေါင်းစုံမှသာလျှင် ဇာတ်ကွက်၊ ဇာတ်လမ်း၏အရသာ အပြည့်အဝပေါ်နိုင်သည်။ မသေဘဲနှင့် ဖြစ်ကိုမဖြစ်သည့်အတွက်ကြောင့် ကွန်မြူနစ်နိုင်ငံကြီးတစ်ခုတွင် ပြသနေကြဟန်တူပေသည်။ ခေတ်နောက်ပြန်ဆွဲခြင်းအကြောင်းပြောတတ်ကြသည့် စာပေဝေဖန်ရေးဆရာများ စဉ်းစားထိုက်ကြသည်။

**ရုရှားလူထုအကြိုက်**

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်ထဲတွင်ဖြစ်ပေါ်လာသည့် အတွေးအခေါ်တစ်ခုကို ဖော်ပြလိုပါသေးသည်။ ဆိုဗီယက်ယူနီယံတွင် ကျွန်ုပ်ကြည့်ခဲ့ရသည့် ဘဲလေးကပွဲသုံးပွဲအနက် (ဆွမ်းလိပ်မပါ) အထက်ပါကပွဲမှာ အများဆုံးဩဘာပေးခြင်းခံရသည်ကို တွေ့ရ၏။ ကပွဲပြီးသည့်နောက် ကချေသည်များနှင့် ကချေသည်မများအား ပရိသတ်က လက်ခုပ်တီးခေါ်ကြသဖြင့် ကန့်လန့်ကာပြင်ဘက်သို့ ထွက်ကာ မျက်နှာပြကြရသော အကြိမ်ပေါင်းမှာ ငါးကြိမ်၊ ခြောက်ကြိမ်ရှိလိမ့်မည်ထင်သည်။ ကျွန်ုပ်မြင်ခဲ့ဖူးသည့် တခြားနှစ်ပွဲ၌ အများဆုံးသုံးကြိမ်မျှသာထွက်၍ မျက်နှာပြကြရသည်။ ဤတွင်သာမက လက်ခုပ်တီးကြပုံ လှိုက်လှဲခြင်း၊ ဆူညံခြင်းမှာလည်း တခြားသော ကပွဲများထက် နှစ်ဆလောက်ရှိသည်ကို ကျွန်ုပ် တွေ့ရသည်။ ဤသည်ကို ထောက်ခြင်းအားဖြင့် ယင်းဇာတ်လမ်းမှာ လူကြိုက်များကြောင်း ထင်ရှားရုံသာမက ရုရှားပရိသတ်သည် တစ်ဘဝမှတစ်ဘဝသို့ ကူးရသည်ဆိုသော အခြင်းအရာကို သဘောကျကြောင်း၊ လူသတ္တဝါသည် နောင်ဘဝရှိသည်ဆိုသောအခြင်းအရာကို ဝမ်းထဲက နှစ်သက်တတ်ကြောင်း(ဘဝတဏှာ)၊ နောင်ဘဝရှိခြင်းတည်းဟူသော အခြင်းအရာသည် တကယ်အမှန်ဖြစ်၍ လူသတ္တဝါသည် အမှန်တရားကို အရိပ်အငွေ့အားဖြင့် ထိုးထွင်း၍ သိမြင်ဟန်ရှိကြောင်း၊ နောင်ဘဝမရှိဟု ပတ်ဝန်းကျင်ရှိသူများက ပြောကြစေကာမူ ရုရှားပရိသတ်လူများစုသည် နောင်ဘဝရှိသည်ဟူသောအယူအဆကို ယုံကြည်နှစ်သက်ကြဟန်တူကြောင်း စသည့်အတွေးအခေါ်များဖြစ်ပေါ်လာပါသည်။ ဤသည်မှာ ကျွန်ုပ်၏အတွေးအခေါ် သက်သက်မျှသာဖြစ်သော်လည်း ယုတ္တိယုတ္တာမကင်းဟူ၍ ထင်မြင်မိပါသည်။

> "ဆိုဗီယက်ယူနီယံတွင် ကျွန်ုပ်ကြည့်ခဲ့ရသည့် ဘဲလေးကပွဲ သုံးပွဲအနက် (ဆွမ်းလိပ်မပါ) အထက်ပါကပွဲမှာ အများဆုံး ဩဘာပေးခြင်းခံရသည်ကို တွေ့ရ၏။ ကပွဲပြီးသည့်နောက် ကချေသည်များနှင့် ကချေသည်မများအား ပရိသတ်က လက်ခုပ်တီးခေါ်ကြသဖြင့် ကန့်လန့်ကာပြင်ဘက်သို့ ထွက်ကာ မျက်နှာပြကြရသော အကြိမ်ပေါင်းမှာ ငါးကြိမ်၊ ခြောက်ကြိမ် ရှိလိမ့်မည်ထင်သည်. . ."

**တကယ်ပျော်ရွှင်ကြသူများ**

ဆိုဗီယက်ယူနီယံတွင် ပွဲလမ်းသဘင်များနှင့်ပတ်သက်၍ ကျွန်ုပ်၏အတွေးအခေါ်တစ်ခုကို တင်ပြလိုသေး၏။ ပွဲကြည့်ပရိသတ်တို့မည်သည်မှာ မည်သည့်တိုင်းပြည်၌ဖြစ်စေ လွတ်လပ်ပျော်ရွှင်သော အမူအရာရှိကြခြင်းကား မှန်ပါသည်။ ကျွန်ုပ်တို့ မြန်မာပွဲကြည့်ပရိသတ်သည်လည်း (အဝတ်အစားကို အပေါင်ဆိုင်၌ ပေါင်ခဲ့ရစေကာမူ) လွတ်လပ်စွာ ပျော်ရွှင်သော မျက်နှာထားမျိုးရှိကြခြင်းလည်း မှန်ပါသည်။ သို့ရာတွင် ရုရှားပရိသတ်၏ရွှင်ပျခြင်းသည် မြန်မာပရိသတ်ထက်ပင် ကဲလွန်သည်ဟု ထင်မိပါသည်။ လူတိုင်းလိုပင် ဝတ်ကောင်းစားလှနှင့် ရောက်လာကြ၍ ရွှင်ပျသောမျက်နှာများကို တွေ့မြင်ရ၏။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ ငါတို့သည် တစ်နေ့လုံးချွေးကျအောင် အလုပ်လုပ်ခဲ့ရပြီးသည့်နောက် (စကားရှိ၍သာ ရေးမိသည်။ ရုရှားပြည်တွင် ထိုရာသီ၌ မည်မျှလောက်အလုပ်လုပ်သည်ဖြစ်စေ ချွေးမကျနိုင်ပါ။) ပျော်ရသည့် ဤအချိန်ပိုင်းအတွင်း အားရပါးရ တဝကြီး ပျော်လိုက်မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပွဲသို့လာကြခြင်းဖြစ်ဟန်ရှိသည်။ ခုံတန်းများသို့ လှမ်းကြည့်လိုက်သည့်အခါ ဣန္ဒြေကြီးနှင့်ကြည့်နေသည့် အမျိုးသား၊ အမျိုးသမီး လူဆယ်ယောက်တွင်မှ တစ်ယောက်ကို တွေ့မိသည်မထင်။ တီးကြသောလက်ခုပ်သံများ၊ သဘောကျသည့်ရယ်သံများသည် လှိုက်လှဲခြင်းရှိလှ၍ လူဖြစ်ရခြင်း၏အရသာကို ရာခိုင်နှုန်းပြည့်ခံစားလျက်ရှိကြ၏။ ဟုတ်လည်း ဟုတ်ပေမည်။ မြင်းပွဲရှုံးလာသော မျက်နှာမျိုး၊ ပိုကာဝိုင်းမှထလာသော မျက်နှာမျိုး၊ အိမ်လခမပေးနိုင်၍ နှင်ထုတ်ခြင်းခံရသည့် မျက်နှာမျိုး၊ ကြွေးပူသော မျက်နှာမျိုး၊ အင်ပို့လိုင်စင်မရသဖြင့် ရှုံ့မဲ့နေသူ၏ မျက်နှာမျိုးသည် ဤပရိသတ်ထဲတွင် ပါရှိလိမ့်မည်မဟုတ်။ ရှုံ့မဲ့နေသူ၏မျက်နှာကိုတွေ့ခဲ့လျှင် မိမိ၏အချစ်ကို တုံ့ပြန်ခြင်း မခံရသူ၏ မျက်နှာပင်ဖြစ်တန်ရာ၏။ ဤသည်မှာ ကာမဘုံသားတို့၏ ဓမ္မတာပေတည်း။

**ကရင်မလင် ဇာတ်ရုံကြီး**

ဘော်လ်ရှိုင်ဇာတ်ရုံကြီးသည် ဇာဘုရင်များလက်ထက်ကတည်းက ဆောက်လုပ်ခဲ့သဖြင့် ရွှေတပြောင်ပြောင်နှင့် ခမ်းနားတင့်တယ်လှသည်မှန်သော်လည်း နောက်ဆုံးဆောက်လုပ်သည့် ကရင်မလင်ဇာတ်ရုံကြီးနှင့် နှိုင်းယှဉ်လိုက်သည့်အခါတွင်မူကား (အဟောင်းအမြင်းကို တန်ဖိုးထားတတ်သည့် သမိုင်းဆရာများ၏ မျက်စိမျိုးမှတစ်ပါး) မယှဉ်သာအောင် ကွာခြားလျက်ရှိလေပြီ။ ကရင်မလင် ဇာတ်ရုံကြီးမှာ ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဆောက်လုပ်ပြီးစီး၍ (၂၂) ကြိမ်မြောက် ဆိုဗီယက်ပါလီမန်အဖြစ်နှင့် အစည်းအဝေးထိုင်ခဲ့သဖြင့် ကွန်ဂရက်နန်းတော်ကြီး Palace of Congress ဟူ၍ အမည်တွင်ခဲ့ရာ ယင်းအဆောက်အအုံကြီးကိုပင် ဇာတ်ရုံကြီးအဖြစ်နှင့် အသုံးချခြင်းဖြစ်သောကြောင့် ကရင်မလင်ဇာတ်ရုံကြီး Kremlin Theatre ဟူ၍လည်း ခေါ်တွင်လေသည်။ ဆိုလိုခြင်းမှာ ယင်းအဆောက်အအုံကြီးကို ရုရှားပါလီမန်ခန်းမဆောင်ကြီးအဖြစ်နှင့်လည်းကောင်း၊ အစည်းအဝေးမထိုင်သည့်ရာသီတွင် ဇာတ်ရုံကြီးအဖြစ်နှင့်လည်းကောင်း နှစ်မျိုး အသုံးပြုလေသည်။ ရုရှားဆိုလျှင် ရှုတ်ချဖို့ ကြံစည်စိတ်ကူးသူများက "မခမ်းနားဘဲရှိမည်လော။ ပါလီမန်အဆောက်အအုံကို ဇာတ်ရုံအဖြစ်နှင့် သုံးထားခြင်းမဟုတ်ပါလော"ဟု ပြောကောင်းပြောကြပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဇာတ်ရုံကြီးတစ်ခုအနေဖြင့် မကြုံဖူးအောင် ခမ်းနားတင့်တယ်သည့် အဆောက်အအုံကြီးဖြစ်သည့်အတွက် အနည်းငယ်ဖော်ပြပါဦးမည်။

**ကြီးကျယ်ခမ်းနားပုံ**

ကျွန်ုပ်မှာ အနည်းငယ်အအေးမိ၍ ဂျာမနီပြည်၌ ဆေးရုံတက်နေရစ်ခဲ့ရသဖြင့် ကိုလှကျော်နှင့်သခင်ကျော်စိန်တို့ မြန်မာပြည်သို့ပြန်သွားကြသည့်နောက်တွင်မှ ကရင်မလင်ဇာတ်ရုံကြီးကို ကြည့်ခွင့်ရသည့်အတွက်ကြောင့် အအေးမိခြင်းကိုပင် ကျေးဇူးတင်ရမည်ကဲ့သို့ အောက်မေ့မိသည်။ ဂျာမနီမှ ကျွန်ုပ်ပြန်ရောက်လာသောအခါ ကျွန်ုပ်၏ညီသည် ကျွန်ုပ်အား ယင်းဇာတ်ရုံကြီးသို့ ခေါ်သွား၏။ ထိုပွဲမှာ အထူးနေ့ပွဲဖြစ်သည်။ ပွဲကပြသည့် ဇာတ်ရုံနှင့် ဇာတ်ခုံကြီးတို့၏ ကြီးကျယ်ခမ်းနားခြင်းထက် ပတ်ပတ်လည်ရှိ အဆောင်အယောင်အခန်းများ၏ ခမ်းနားခြင်းနှင့် ဆန်းကြယ်ခြင်းတို့အတွက် ကျွန်ုပ်သာ၍ အံ့ဩမိသည်။ ဇာတ်ရုံခန်းသို့ မဝင်မီဖြစ်စေ၊ ခေတ္တခဏအပန်းဖြေရန်ဖြစ်စေ ပတ်ပတ်လည်ရှိ အဆောင်ဆောင် အခန်းခန်းတို့တွင်ထိုင်နိုင်ကြသည်။ ဆေးလိပ်သောက်ရန်အတွက်လည်းကောင်း၊ စကားပြောရန်အတွက်သော်လည်းကောင်း၊ စားသောက်ကြရန်အတွက်သော်လည်းကောင်း ကျယ်ဝန်းလှသောအခန်းကြီးများရှိပေရာ အခင်းအကျင်းနှင့် မီးထွန်းထားပုံတို့သည်ပင်လျှင် (ကျွန်ုပ်အဖို့ရာ၌) တအံ့တဩရှိပါဘိသည်။ အလင်းရောင်သည် စူးစူးဝါးဝါးမဟုတ်ဘဲ မျက်စိနှင့် အလွန်ပင် ပနံရအောင်ရှိသော်လည်း လင်းလိုက်ပုံမှာ လိုလေသေးမရှိပေ။ ကြမ်းပြင်ကြီးတစ်ခုလုံးမှာ ရော်ဘာအပျော့စားဖြင့် ခင်းကျင်းထားသည်ဖြစ်၍ အနူးအညွတ်ကြိုက်သော ကျွန်ုပ်အဖို့ ဖိမ်ရှိလှသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## နေပြည်တော်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



နေပြည်တော် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် နေပြည်တော်မြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာလ ၂၅ ရက်က ရေတွင်းကုန်းကျေးရွာအုပ်စုရှိ စက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင်က မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးမှူး ဦးနောင်နောင်နှင့်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်နှင့် ဆီ မီးလောင်မှုအား မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်မှုများကို လက်တွေ့ပြသခဲ့ရာ စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း( BE.FALLS) သို့ ၂ ဒသမ ၅ သန်းပြည့် လာရောက်လည်ပတ်သည့်ဧည့်သည်အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်

ပြင်ဦးလွင် အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီး အနီးရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီး ဖွင့်လှစ်ခဲ့ရာ အောက်တိုဘာလ ၂၅ ရက်တွင် လာရောက်လည်ပတ်သည့် ဧည့်သည် ၂ ဒသမ ၅ သန်း ပြည့်မြောက်သဖြင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြောင်း သိရသည်။

အဆိုပါ ၂ ဒသမ ၅ သန်း ပြည့်လာရောက်သည့် ဧည့်သည်မှာ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှဒေါ်သင်းပပထွန်းဖြစ်ပြီး ဧည့်သည်အား ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)မှ တာဝန်ရှိသူများက ဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်း ပြည့်အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာအခမဲ့ဝင်ရောက်ခွင့် (Gold Card)နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့ပြင် ဒေါ်သင်းပပထွန်းနှင့်အတူပါရှိလာသူများအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်းလည်ပတ်ခြင်းများအား အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ



# အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေး ရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏ တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။




## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ
တိုင်ကြားမှုယန္တရား
(National Complaint Mechanism-NCM)
ဖုန်း- ၀၆၇-၃၄၃၀၀၉၀၊ ၀၆၇-၃၄၃၀၂၇၃၊
၀၆၇-၃၄၃၀၄၃၆
E-mail directorgeneral.dol@gmail.com
moloffice51@gmail.com
organizationresearch25@gmail.com

## အဓမ္မခိုင်းစေမှုပပျောက်ရေး

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အဓမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက သို့မဟုတ် မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပဏာမ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ် သို့မဟုတ် ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ သို့မဟုတ် နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက သို့မဟုတ် မနှစ်သက်ပါက အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွှယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) သို့မဟုတ် အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အဓမ္မခိုင်းစေခံရသူ သို့မဟုတ်
၂။ အဓမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း သို့မဟုတ်
၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အဓမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် သို့မဟုတ် သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိ၊မရှိစိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။



# နဝရတ်ရေအိုင်သို့ လာရောက်လည်ပတ်သူများပြားလာ

ကျွန်းစု အောက်တိုဘာ ၂၆


တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာရှိ နဝရတ်ရေအိုင်သို့ ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ လာရောက်လည်ပတ်သူများပြားလျက်ရှိကြောင်း ဒေသခံများထံမှသိရသည်။

နဝရတ်ရေအိုင်သည် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအတွင်းတည်ရှိပြီး နာမည်ကျော်ကြားသော နေရာတစ်ခုဖြစ်သည်။

နဝရတ်ရေအိုင်နှင့်အတူ ရေတံခွန်အနီးရှိ သဘာဝကျောက်လိုဏ်ဂူကြီးများ၊ ကျောက်တုံးကြီးများပေါ်တွင် တည်ထားသည့် စေတီပုထိုးများကိုလည်း ဖူးမြော်ကြည်ညိုနိုင်သဖြင့် လာရောက်လည်ပတ်သူများအဖို့ ကြည်နူးဖွယ်ရာဖြစ်သည်။

နဝရတ်ရေအိုင်သို့ ဒေသခံကျွန်းစုမြို့သူ၊ မြို့သားများအပြင် မြိတ်မြို့နှင့် အခြားမြို့ရှိ ဒေသခံများလာရောက်လည်ပတ်ကြပြီး ယခုအခါတွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ လာရောက်လည်ပတ်သူများ ပိုမိုများလာကြောင်း သိရသည်။

(၄၁၂)



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၃ / ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၃ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၁ ပါ "ငွေကျပ်သိန်း ၁၅၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၃၀၀"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ငွေကျပ်သိန်း ၃၀၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၅၀၀"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၄ / ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့် စကားရပ်ကို "သိန်းသုံးရာ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၅ / ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၅ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၈၆ / ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(cc)တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**"ခြွင်းချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါဝင်သော မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်များအတွက် ဖြစ်လျှင် ရွေးကောက်တင်မြှောက်ခံရသည့် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာမြို့နယ်၏ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစားပေးသတ်မှတ်ပေးရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ နည်းဥပဒေခွဲ(က)ပါ "သိန်းတစ်ရာ့ငါးဆယ်"ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)ပါ "သိန်းသုံးရာ"ဆိုသည့်စကားရပ်ကို "သိန်းငါးရာ"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြို့နယ်လုံးဆိုင်ရာ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယနေ့တွင် သာကေတမြို့နယ်လူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်က မုဒိတာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တက်ရောက်လာကြသူများက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြသည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲတွင် အသက် ၇၀ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၁၅၄ ဦးအား ပူဇော်ကန်တော့ခဲ့ကြပြီး သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းအပြင် သာကေတမြို့နယ်အတွင်းရှိ ပရဟိတအသင်းများက မြတ်ဆရာပူဇော်ပွဲတက်ရောက်လာကြသည့် ဆရာကြီး၊ ဆရာမကြီးများအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ဒုတိယဥက္ကဋ္ဌ(၁)ဒေါ်တင်တင်လှိုင်နှင့်ကော်မတီဝင်များ၊ သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

လင်းခန့်

◆ **ကျောဖုံးမှအဆက်**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်အားကစားကွင်း၌ယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင်ယှဉ်ပြိုင်ကစားသည့် မကွေးဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်းပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းက ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

တက္ကသိုလ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့်မော်လမြိုင်ဇုန်အသင်း၊ ပုသိမ်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့၏ ပွဲစဉ်များကို အောက်တိုဘာလ ၃၀ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာလ ၃ ရက်တွင်လည်းကောင်း နေပြည်တော် ဇေယျာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ နေပြည်တော် ဇေယျာသီရိဘောလုံးကွင်း၌ တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတတိယနေရာလုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့၏ပွဲစဉ်ကို အောက်တိုဘာလ ၃၁ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ပုသိမ်ဇုန်အသင်းနှင့် နေပြည်တော်ဇုန်အသင်းတို့၏ပွဲစဉ်ကို နိုဝင်ဘာလ ၃ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မိနစ်တိုင်းကို တန်ဖိုးထားလို့ လေဖြတ်ခြင်းကို အချိန်မီကာကွယ်ကုသစို့

**"လူထုအကြား လေဖြတ်ရောဂါလက္ခဏာ သိမြင်နားလည်မှု ပျံ့နှံ့စေရန် ဆောင်ရွက်မှုအပြင် နိုင်ငံတိုင်း ကျန်းမာရေးစောင့်ရှောက်မှု စနစ်တွင်လည်း လေဖြတ်ရောဂါကုသမှုကို လျင်မြန်စွာဆောင်ရွက်နိုင်ရန် လုံလောက်သော ငွေကြေးပံ့ပိုးမှု၊ ရန်ပုံငွေထားရှိမှု၊ လိုအပ်သော ဆေးဝါးဖြည့်တင်းမှု၊ လေဖြတ်ရောဂါအထူးကုသနိုင်သောစင်တာများ ဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်ထားရန် လိုအပ်သည် . . ."**

### လေဖြတ်ခြင်းဘယ်နှစ်မျိုးရှိသလဲ

လေဖြတ်ခြင်းသည် ဦးနှောက်တွင်းသွေးကြောများ စီးဆင်းမှုပုံမမှန်ခြင်းကြောင့်ဖြစ်ရသော ဦးနှောက်အာရုံကြောရောဂါဖြစ်သည်။ ၈၅ ရာခိုင်နှုန်းသည် ဦးနှောက်တွင်း သွေးကြောပိတ်၍ ဦးနှောက်ဆဲလ်များ အောက်ဆီဂျင်နှင့် အာဟာရများမရတော့ဘဲ သေဆုံးသွားသောကြောင့်ဖြစ်ရပြီး ကျန်သော ၁၅ ရာခိုင်နှုန်းမှာ ဦးနှောက်တွင်း သို့မဟုတ် ဦးနှောက်အမြှေးပါးအောက် သွေးကြောပေါက်သွေးယိုစီးခြင်းကြောင့် ဖြစ်ရသည်။

တချို့သောသူများတွင် သွေးကြောခဏတာပိတ်ဆို့၍ လေဖြတ်ဝေဒနာကို မိနစ်ပိုင်း၊ နာရီပိုင်းသာ ခံစားရပြီး ပြန်လည်ကောင်းမွန်သွားကြသော်လည်း ထိုကဲ့သို့ ခဏတစ်ဖြုတ်လေဖြန်းခြင်းသည် နောင်တစ်ချိန် လေဖြတ်နိုင်ခြေရှိကြောင်းဖော်ပြသည့် သတိပေးလက္ခဏာတစ်ခုဖြစ်သည်။

### လေဖြတ်လျှင် ဘယ်လိုတွေခံစားရနိုင်သလဲ

လေဖြတ်ဝေဒနာခံစားရပါက ဦးနှောက်တွင်း သွေးကြောပိတ်၊ သွေးကြောပေါက်သည့်နေရာပေါ်မူတည်၍ လက္ခဏာများ ကွဲပြားနိုင်သည်။ များသောအားဖြင့် ရုတ်တရက် မျက်နှာတစ်ခြမ်းရွဲ့သွားခြင်း၊ ရေသောက်လျှင် နှုတ်ခမ်းထောင့်မှ ရေပြန်ကျခြင်း၊ မျက်လုံးရုတ်တရက်မမြင်ခြင်း၊ မြင်ကွင်းအပြည့် မမြင်ရတော့ခြင်း၊ အစာမျိုချရန်ခက်ခြင်း၊ စကားလေးသွားခြင်း၊ စကားပြောရန် စကားလုံးရှာမရခြင်း၊ သူတစ်ပါးပြောစကားကို နားမလည်ခြင်းတို့အပြင် ခြေလက်အားနည်းခြင်း၊ ဆီးဝမ်းသွားရခက်ခဲခြင်း၊ မထိန်းနိုင်ခြင်းနှင့်အတူ ခေါင်းမူး၊ ခေါင်းကိုက်ဝေဒနာများ ခံစားရနိုင်သည်။

ဦးနှောက်နောက်ပိုင်းတွင် သွေးကြောပိတ်၊ ပေါက်ပါက ခေါင်းမူး၊ ပျို့အန်ခြင်း၊ ပုံရိပ်နှစ်ထပ်မြင်ခြင်း၊ ခန္ဓာကိုယ်ဟန်ချက်မထိန်းနိုင်ခြင်း၊ အစာမျိုချရန်ခက်ခြင်း၊ သတိလစ်ခြင်း၊ သွေးပေါင်အတက်အကျမမှန်ခြင်းနှင့် အသက်ရှူရခက်ခဲခြင်းဝေဒနာများ ခံစားရတတ်သည်။ ဦးနှောက်သွေးကြောပေါက် သွေးယိုစီးမှုဖြစ်ပါက ဦးခေါင်းတွင်းဖိအားများလာသောကြောင့် ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်းများ ခံစားရသည်။ ပုံမှန်အားဖြင့် ရောဂါဝေဒနာပြင်းထန်ပြီး အသက်အန္တရာယ်ပိုရှိသည်။

### အထက်ပါဝေဒနာခံစားရတိုင်း လေဖြတ်တာဖြစ်နိုင်သလား

ဦးနှောက်အတွင်းအကြိတ်ရှိခြင်း၊ ပြည်တည်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် ဦးနှောက်အတွင်းရှိ တခြားသောရောဂါများတွင်လည်း အထက်ပါလက္ခဏာများ ခံစားရနိုင်သည်။ သို့ရာတွင် ထိုလက္ခဏာများကို ကျန်းမာရေးကောင်းနေရာမှ ရုတ်တရက်ခံစားရပါက လေဖြတ်သည်ဟု ယူဆနိုင်သည်။ ပို၍သေချာစေရန် ဦးနှောက်ကွန်ပျူတာဓာတ်မှန်ရိုက်၍ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

### ဘာကြောင့်လေဖြတ်ရသလဲ

ဦးနှောက်တွင်းရှိ သွေးကြောနံရံများသည် အဆီများနှင့် ထူလာပြီး သွေးကြောများ ပိတ်လာသကဲ့သို့ လည်ပင်းနှင့် နှလုံးအထွက်ရှိ သွေးကြောမကြီးများ၏ နံရံမှ အဆီဖတ်များ၊ သွေးခဲများ၊ နှလုံးအတွင်းရှိ သွေးခဲများပြုတ်ထွက်ကာ ဦးနှောက်သွေးကြောများကို လာ၍ပိတ်ဆို့ခြင်းဖြင့်လည်း သွေးကြောပိတ်လေဖြတ်ရောဂါကို ခံစားရနိုင်သည်။ တစ်ခါတစ်ရံ သွေးတွင်းဆဲလ်များ များ၍လည်းကောင်း၊ သွေးခဲစေသည့် ဓာတ်သဘာဝများ များလာခြင်းကြောင့်လည်းကောင်း သွေးများပျစ်ခြင်း၊ အရေပြားလေးဖက်နာကဲ့သို့သောရောဂါများနှင့် HIV၊ ကာလသားရောဂါ၊ အသည်းရောင်ဘီပိုး၊ စီပိုး စသောရောဂါများကြောင့် သွေးကြောနံရံများရောင်ရမ်းခြင်းတို့သည် သွေးကြောပိတ်လေဖြတ်ရောဂါကို ဖြစ်စေသည်။

ဦးနှောက်သွေးကြောများတွင် သွေးပေါင်မြင့်တက်၍ သွေးကြောများပေါက်ခြင်း၊ မွေးရာပါသွေးကြောထုံး၊ သွေးကြောအလုံးများရှိ၍ ပေါက်ထွက်ခြင်း၊ သွေးကျဲဆေးများ သောက်သုံးခြင်း၊ မူလက သွေးယိုစီးရောဂါရှိခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းတို့သည် ဦးနှောက်တွင် သွေးယိုစီးလေဖြတ်ခြင်းကို ခံစားရစေသည်။ လူငယ်များတွင် စိတ်ကြွမူးယစ်ဆေးသောက်သုံးခြင်းကြောင့်လည်း ဦးနှောက်တွင်း သွေးကြောပေါက်လေဖြတ်ဝေဒနာကို ခံစားရနိုင်သည်။

### ဘယ်လိုလူများတွင် သွေးကြောပိတ် လေဖြတ်ရောဂါပိုဖြစ်နိုင်သလဲ

လေဖြတ်ရောဂါအများစုမှာ သွေးကြောပိတ်ခြင်းကြောင့်ဖြစ်ရပြီး သွေးကြောနံရံများ ထူထဲလာခြင်း၊ အဆီဖတ်များစုပုံလာခြင်းသည် အဓိကအကြောင်းအရင်းဖြစ်သည်။ မိသားစုဝင်များတွင် လေဖြတ်ဖူးခြင်း၊ မျိုးရိုးတွင် လေဖြတ်စေတတ်သော မျိုးရိုးဗီဇရှိခြင်းတို့ကြောင့် လေဖြတ်နိုင်ခြေရှိသည့်အပြင် အသက် ၅၅ နှစ်နှင့်အထက် အမျိုးသားများတွင် ပို၍ဖြစ်နိုင်သည်ကို တွေ့ရသည်။ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါနှင့် သွေးတွင်းအဆီများခြင်းသည် လေဖြတ်ခြင်းကိုဖြစ်စေနိုင်သကဲ့သို့ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ အထိုင်များခြင်း၊ စားသောက်မှုပုံစံမမှန်ခြင်း၊ အမျိုးသမီးများ သန္ဓေတားဆေးသုံးစွဲခြင်းတို့သည် သွေးကြောပိတ်လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်။

### လေဖြတ်ရောဂါကိုကာကွယ်၍ ရနိုင်သလား

လေဖြတ်စေနိုင်သော အကြောင်းအရင်းများကို သိရှိပြီး ကြိုတင်ရှောင်ကြဉ်၊ ကုသထားခြင်းဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။ နေထိုင်စားသောက်မှုပုံစံကို ကျန်းမာစေသော နေထိုင်စားသောက်မှုပုံစံသို့ ပြောင်းလဲသင့်သည်။ ချိုလွန်းသောအစားအစာများ၊ အချိုရည်များကို ရှောင်ကြဉ်ခြင်း၊ အဆီလျှော့စားခြင်း၊ အုန်းနို့၊ ဆီကြော်စာ၊ ထောပတ်၊ ဒိန်ခဲများ လျှော့စားခြင်း၊ ငါးပိ၊ ငါးခြောက်အစရှိသော ငန်သည့်အစားအစာများလျှော့စားခြင်း၊ ဆားလျှော့စားသုံးခြင်းသည် သွေးတိုး၊ ဆီးချို၊ သွေးတွင်းအဆီများခြင်း မဖြစ်စေရန် ကာကွယ်နိုင်မည်ဖြစ်သည်။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အစေ့အဆန်များစားသုံးခြင်း၊ ငါးများများစားခြင်း၊ အဆီမပါသောအသားစားခြင်းတို့သည် သက်ရှည်ကျန်းမာရေးကို အထောက်အကူပြုသည်။ အစားအသောက်ကို အလွန်အကျွံမစားသုံးဘဲ သင့်တင့်ရုံသာစားသုံးသင့်သည်။ နေ့စဉ်လှုပ်ရှားတက်ကြွစွာနေထိုင်ခြင်း၊ ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းတို့သည် သွေးလည်ပတ်မှုကို ကောင်းစေပြီး နှလုံးရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။ သင့်တင့်သောကိုယ်အလေးချိန်ထိန်းထားခြင်းဖြင့် အဝလွန်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာသော သွေးတွင်းအဆီများခြင်း၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုသို့နေထိုင်စားသောက်ခြင်းသည် လေဖြတ်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်သည်။

ထို့ပြင် ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းဖြင့် မိမိ၌ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါနှင့် သွေးတွင်းအဆီများခြင်း ရှိ၊ မရှိကို ကြိုတင်သိရှိနိုင်ပြီး ကြိုတင်ကုသမှုခံယူထားနိုင်သည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် လေဖြတ်ခြင်းကို ကာကွယ်နိုင်မည်သာမက သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးကို များစွာအထောက်အကူပြုသည်။ ထို့ကြောင့် အသက် ၅၀ နှစ်နှင့်အထက် လူကြီးများ ခြောက်လတစ်ကြိမ် သို့မဟုတ် တစ်နှစ်တစ်ကြိမ်ခန့် ကျန်းမာရေးစစ်ဆေးကာ လက်ဦးမှုရယူရန်လိုအပ်သည်။ ယခုအခါ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပုံစံမှာ ရောဂါကို ဖြစ်မှကုသခြင်းထက် မဖြစ်အောင်ကာကွယ်ရေးကို အထူးအလေးပေးဆောင်ရွက်လာကြသည်။

### လေဖြတ်ရောဂါဖြစ်လျှင် ဘယ်လိုကုသမှုခံယူမလဲ

လေဖြတ်ရောဂါခံစားရပါက စောနိုင်သမျှ စောစောကုသမှုခံယူခြင်းသည် ဦးနှောက်ဆဲလ်များသေဆုံးမှုကို လျှော့ချနိုင်ပြီး ခြေလက်မသန်စွမ်းမှုကို လျော့ပါးစေနိုင်သည်။ ရုတ်တရက် ခြေလက်အားနည်းဝေဒနာ ခံစားရပါက လေဖြတ်သည်ဟု သံသယဖြစ်လျှင် နီးစပ်ရာဆေးရုံများသို့ပြသကာ ကုသမှုခံယူရန် လိုအပ်သည်။

လေဖြတ်ရောဂါခံစားရချိန်တွင် ဆီးမသွားနိုင်ခြင်း၊ အစာမျိုချရန်ခက်ခဲနိုင်သောကြောင့် အစာသီး၍ အဆုတ်ရောင်ခြင်းတို့ တွဲဖက်ရှိနေပါက အသက်အန္တရာယ်ရှိနိုင်သဖြင့် အထူးဂရုပြုကုသပေးကြရသည်။ တစ်နှစ်အတွင်း ထပ်မံလေဖြတ်နိုင်ခြေမှာ ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိရှိပြီး ဆယ်စုနှစ်ကျော်ပါက ငါးယောက်တွင် တစ်ယောက်လေထပ်ဖြတ်နိုင်ခြေရှိသောကြောင့် ထပ်မံလေမဖြတ်စေရန် သွေးကျဲဆေး၊ သွေးတွင်းအဆီချဆေးပေးကုသမှုအပြင် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတို့ကို ထိန်းညှိကုသပေးရသည်။

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းကို သွေးခဲဖျော်ဆေးပေးပြီး ကုသနိုင်ရန် လေစတင်ဖြတ်သည့်အချိန်မှ သုံးနာရီ – လေးနာရီခွဲအတွင်း ဆေးရုံရောက်ရန် လိုအပ်သည်။ အဓိကအားနည်းချက်မှာ နံနက်စောစောအိပ်ရာထချိန်တွင် လေဖြတ်သည်ဟုသိသော်လည်း ညကမည်သည့်အချိန် အမှန်တကယ်လေစဖြတ်သည်ကို မသိနိုင်ဖြစ်ရသည်။ ကျန်းမာရေးဌာနများသို့ သွားသည့်ခရီးတွင် ကားများပိတ်ခြင်း၊ ဆေးရုံတွင်ပြသရန် စောင့်ဆိုင်းနေရခြင်း၊ ဦးနှောက်ကွန်ပျူတာရိုက်ခြင်းနှင့် တခြားသောစမ်းသပ်မှုများပြုလုပ်ကာ ဆေးပေးရန်သင့်လျော်၊ မလျော်ဆုံးဖြတ်ရန် ကြာချိန်များကြောင့် ဆေးပေးရန် အချိန်မမီဖြစ်ရတတ်သည်။

### ယခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါနေ့ဆောင်ပုဒ်က ဘယ်လိုသတ်မှတ်ထားသလဲ

ကမ္ဘာ့လေဖြတ်ရောဂါအဖွဲ့အစည်းမှ လေဖြတ်ရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေး၊ ကုသရေး ၊ ပြန်လည်သန်စွမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်နှင့် လူထုအတွင်းပို၍ သိမြင်လာစေရန် နှစ်စဉ် အောက်တိုဘာလ ၂၉ ရက်ကို ကမ္ဘာ့လေဖြတ်ရောဂါနေ့ဟု သတ်မှတ်ခဲ့ကြသည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကာ ကမ္ဘာလုံးဆိုင်ရာ လေဖြတ်ရောဂါဖြစ်ပွားမှုနှင့် လူမှုစီးပွားသက်ရောက်မှုများကို လျှော့ချနိုင်ရန် ရည်ရွယ်ခဲ့ကြသည်။ ရောဂါကာကွယ်၊ ကုသရေးဆိုင်ရာဆောင်ပုဒ်များ နှစ်စဉ်ချမှတ်ကာ လူထုအတွင်း ပညာပေးဖြန့်ဝေမှုများ ပြုလုပ်ကြသည်။

ပြည်သူလူထုအနေဖြင့် လေဖြတ်ရောဂါလက္ခဏာများ အလွယ်တကူသိမြင်နိုင်စေရန် Act FAST ဟူ၍လည်း တွန်းအားပေးဖော်ပြခဲ့သည်။ F–Facial drooping မျက်နှာတစ်ခြမ်းရွဲ့သွားခြင်း၊ A–Arm weakness ခြေလက်များအားနည်းခြင်း၊ S– Speech difficulties စကားပြောရန်ခက်ခဲခြင်း စသည့်လက္ခဏာများ ရုတ်တရက်ဖြစ်လာပါက လေဖြတ်သည်ဟုသိမြင်ကာ T–Time to call local emergency number ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပြသရန် တိုက်တွန်းပညာပေးခဲ့သည်။

လူထုအကြား လေဖြတ်ရောဂါလက္ခဏာ သိမြင်နားလည်မှုပျံ့နှံ့စေရန် ဆောင်ရွက်မှုအပြင် နိုင်ငံတိုင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင်လည်း လေဖြတ်ရောဂါကုသမှုကို လျင်မြန်စွာဆောင်ရွက်နိုင်ရန် လုံလောက်သော ငွေကြေးပံ့ပိုးမှု၊ ရန်ပုံငွေထားရှိမှု၊ လိုအပ်သော ဆေးဝါးဖြည့်တင်းမှု၊ လေဖြတ်ရောဂါအထူးကုသနိုင်သောစင်တာများ ဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်ထားရန် လိုအပ်သည်။ လူတိုင်း လေဖြတ်ရောဂါနှင့်ပတ်သက်သော ဗဟုသုတများရှိကာ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံး၍ လေဖြတ်ခြင်းမှ ကင်းဝေးစေရန်နှင့် လေဖြတ်ဝေဒနာခံစားရပါက အမြန်ဆုံးသက်သာပြန်လည်သန်စွမ်းကာ အလုပ်အကိုင်များ ပြန်လည်လုပ်ဆောင်နိုင်စေရန်နှင့် လူမှုဒုက္ခများမှ ကင်းဝေးစေရန် ရည်ရွယ်၍ ကမ္ဘာ့လေဖြတ်ရောဂါနေ့အထိမ်းအမှတ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာဥမ္မာစော**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေး

မုံရွာ အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါနခြံရပ်ကွက် သူနာပြု-သားဖွားသင်တန်းကျောင်း ခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိဦးချစ်စန်းကျော်က မဲပေးစက်ကိုင်တွယ်အသုံးပြုပုံများနှင့် မဲပေးရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက် သူနာပြု-သားဖွားသင်တန်းကျောင်း (မုံရွာ)မှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၉)

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ဘားအံ အောက်တိုဘာ ၂၆

ကရင်ပြည်နယ် ဘားအံမြို့ အုန်းတပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တာဝန်ရှိသူများက ဘင်ခရာ၊ ပန်းဖွားအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့ဝင်များက စာသင်ဆောင်များအတွင်း စကားပုံဆက်ပြိုင်ပွဲ၊ ရုပ်ပုံဆက်ပြိုင်ပွဲ၊ ကရင်တိုင်းရင်းသား စာပေဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ သုတ၊ ရသ၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြအမျိုးမျိုး စာအုပ်ဈေးရောင်းပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာစာအုပ်စာပေဝယ်ယူလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် လူငယ်စာဖတ်ဝိုင်း၊ အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြပွဲ၊ စာဖတ်ရှုန်မြှင့်တင်ရေးအထောက်အကူပြုပြခန်း၊ အခြေခံပညာဦးစီးဌာန၏ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြခန်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့်ကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၄၀၆)

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာအချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ကလှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်းလှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှလှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် အလှူငွေများထိရောက်စွာလှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အားလွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာတိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့်လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဝ၆၇-၃၄ဝ၄၇၇၇ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ မြဝတီ

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန(စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး
ဝန်ကြီးဌာန

## ရှောင်ကြလူငယ် သိစေဖွယ်

❖ လူငယ်တွေမှာ၊ အပျော်ရှာကာ
သောက်လာအရက်၊ မူးယစ်စွက်တော့
အသက်ရန်ရှာ၊ ဘဝနာပြီး
ကျန်းမာရေးက၊ နုံချာပြိကာ
သွားရမကြာ၊ သက်မဲ့ကမ္ဘာ။

❖ အရက်သေစာ၊ သောက်စားရာမှ
ရောဂါရလျက်၊ စီးပွားပျက်ကာ
အသက်ရန်ရှာ၊ ပျက်ဓမ္မတာမို့
သိက္ခာကိုယ်ကျင့်၊ ကင်းမဲ့ဆင့်လို့
မသင့်ရှက်စရာ၊ ဖြစ်ပျက်လာမည်
ရှောင်ခွာကာသွား၊ ဆင်ခြင်တရားနှင့်
အမှားကိုမြင်၊ ပြန်ကာပြင်လို့
အမြင်မှန်ရ လူ့လောက။

❖ လူကိုဖျက်တာ၊ အရက်ပါဟု
ဆိုလာစကား၊ မပယ်ရှားဘဲ
နာကြားလက်ခံ၊ ရှောင်ကြရန်ကို
အမှန်ပြောကြ၊ လူ့ဘဝမှာ
အကျမနာ၊ အပြသာဖို့
ရှောင်ကာရှားလေ ဘေးရန်ပြေ။

❖ အညွန့်တက်လာ၊ ငယ်စဉ်ခါမှာ
ရှန်းကာကြိုးစား၊ မနေမနားဘဲ
စွန့်စားသင့်ချိန်၊ သည်အချိန်မှာ
အရှိန်ဟုန်ပျက်၊ ဆိုးအရက်ကြောင့်
တက်မဲ့အညွန့်၊ ခပ်ရှုံ့ရှုံ့နှင့်
တွန့်ဆုတ်စေမြဲ၊ ပြိုကာလဲမည်
စိတ်ထဲသိဖွယ် အိုလူငယ်။

❖ အနာဂတ်ကို၊ ပြောင်းလဲလိုပေ
ကြိုဆိုမပျက်၊ တိုင်းပြည်တွက်မို့
အရက်ကိုရှောင်၊ လုံ့လဆောင်၍
အောင်မြင်စေကြောင်း၊ ဖွဲ့နှင့်ပေါင်းကာ
ထပ်လောင်းပြန်နေ၊ ကံကိုစေကာ
မသွေနိုးကြား၊ ဉာဏ်ကစားလို့
ကြိုးစားပြုပြင်၊ အလှမြင်မည်
အသင်လူငယ်၊ သည်အရွယ်မှာ
ကောင်းဖွယ်ကြုံရ ဘေးမခ။
အရက်ကင်းပ ရှောင်ကြဉ်ကြ။
တစ်သက်ရှင်းက နှောင်အစဉ်လှ။

**ဝင်းကျော်ကျော်(ပျဉ်းမနား)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၅°C |
| ရန်ကုန် | ၂၄°C | / | ၃၅°C |
| မန္တလေး | ၂၄°C | / | ၃၅°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၆**

စိုက်ပျိုးရေးတက္ကသိုလ်၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးကဏ္ဍသည် မိမိတို့နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အားလုံးပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း၊ နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိသော စိုက်ပျိုးသီးနှံများ၏ ထုတ်လုပ်နိုင်စွမ်းအားများ မြှင့်တင်ရန် မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို မှန်ကန်စေရေး၊ မြေဆီလွှာနှင့်ရေအသုံးပြုမှုများစနစ်တကျရှိစေရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အစားအစာသိပ္ပံနှင့် နည်းပညာများမှတစ်ဆင့် တန်ဖိုးမြှင့်ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားပြီး စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်မှနောက်ဆုံးနှစ်အထိ တန်းစဉ်ပေါင်းအမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၂၉၅ ဦး၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့ရ ၄၄ ဦး၊ စိုက်ပျိုးရေးပါရဂူဘွဲ့ရ ကိုးဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ခုနစ်ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

## သာကေတမြို့နယ် သမဝါယမအသင်းစု လီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာကေတမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှကြည်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များအပေါ် ရှင်းလင်းပြောကြားပြီး အသင်းစု၏ ရှေ့လုပ်ငန်းစဉ်များအပေါ် လိုက်နာဆောင်ရွက်ရေးတို့ကို ပြောကြားသည်။

ထို့နောက် အသင်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးငွေထွန်းက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ အသင်းမန်နေဂျာ ဒေါ်စန်းစန်းဝင်းက ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း၊ အသင်းစာရင်းစစ်ခေါင်းဆောင် ဦးအေးလွင်က စာရင်းစစ်အဖွဲ့၏အစီရင်ခံစာကိုလည်းကောင်းဖတ်ကြားကာ အတည်ပြုချက်များရယူခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမအသင်းစုဝင် အခြေခံအသင်းများအား အစုပေါ်အမြတ်ငွေ ရာနှုန်းပြည့် ငွေကျပ် ၈၁ သိန်းကို ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ပေးအပ်ရာ အသင်းစုဝင်ကိုယ်စား ဦးအုန်းမြင့်က လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၄ - ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ထိပ်တန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ မထက်အိန္ဒြေလှိုင်အား တိုင်းသမဝါယမအသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကိုက ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်တွင် အခြေခံသမဝါယမအသင်းပေါင်း ၅၆ သင်းရှိပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်သည် အဆိုပါအသင်းစုဝင်များအား အစုပေါ် အမြတ်ငွေကို လေးနှစ်ဆက်တိုက် တစ်နှစ်လျှင် ရာနှုန်းပြည့် ငွေကျပ် ၈၁ သိန်းစီကိုပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(သာကေတ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၀၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၀၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၃၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၃၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၃၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၈၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ရုဒုံမြို့ရှိ ကမ်းလွန်လေအားလျှပ်စစ်စက်ရုံသို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာ





နေပြည်တော် အောက်တိုဘာ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူးကျိုးမြို့သို့ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ကျန်းစုပြည်နယ် ရုဒုံမြို့ ဟွန်ကျန်းပင်လယ်ကွေ့အပြင်ဘက်ရှိ ဒီရေတောကမ်းခြေတွင် China Longyuan Power Group Corporation Limited မှ တည်ဆောက်ထားသော ကုန်းတွင်း၊ ဒီရေတောနှင့် ကမ်းလွန်တို့တွင် တပ်ဆင်အင်အား ၄၈၀ မဂ္ဂါဝပ်ရှိသည့် Ru Dong Huan Gang Offshore Wind Farm ကမ်းလွန် လေအားလျှပ်စစ်စက်ရုံသို့ သွားရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် စက်ရုံတာဝန်ရှိသူများက စီမံကိန်းသည် တရုတ်နိုင်ငံတွင် ပထမဆုံးကမ်းလွန်လေစွမ်းအင် ရှေ့ပြေးစမ်းသပ်တည်ဆောက်သည့်စီမံကိန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ယွမ်ငွေ ၂ ဒသမ ၅၄ ဘီလီယံခန့်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် ၁ ဒသမ ၅ မဂ္ဂါဝပ်၊၂ မဂ္ဂါဝပ်၊ ၂ ဒသမ ၅ မဂ္ဂါဝပ်၊ ၃ မဂ္ဂါဝပ် တပ်ဆင်အင်အားများရှိသောလေအားတာဘိုင် ၁၆ လုံး စုစုပေါင်း ၃၀ မဂ္ဂါဝပ်ကို ၂၀၀၉ ခုနှစ်တွင်စတင်စမ်းသပ်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဒုတိယအဆင့်တွင် ၂ ဒသမ ၃ မဂ္ဂါဝပ် ၊၂ ဒသမ ၅ မဂ္ဂါဝပ်၊၃ မဂ္ဂါဝပ် လေအားတာဘိုင် ၅၈ လုံး စုစုပေါင်း ၁၅၀ မဂ္ဂါဝပ် တပ်ဆင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ တတိယအဆင့်တွင် ၂ ဒသမ ၅ မဂ္ဂါဝပ် လေအားတာဘိုင် ၂၀ လုံး စုစုပေါင်း ၅၀ မဂ္ဂါဝပ်တပ်ဆင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ စတုတ္ထအဆင့်တွင် ၄ မဂ္ဂါဝပ်၊ ၅ မဂ္ဂါဝပ်၊ ၆ မဂ္ဂါဝပ် လေအားတာဘိုင်၁၁ လုံးစုစုပေါင်း ၅၀ မဂ္ဂါဝပ်တပ်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စတင် ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း။

ပဉ္စမအဆင့်တွင် ၄ မဂ္ဂါဝပ် လေအားတာဘိုင် အလုံး ၄၀ စုစုပေါင်း ၂၀၀ မဂ္ဂါဝပ် တပ်ဆင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းသို့ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း တပ်ဆင်အား ၄၈၀ မဂ္ဂါဝပ်အထိ ရောက်ရှိလာခဲ့ကြောင်း၊ တာဘိုင် တာဝါတိုင်များ၏ အုတ်မြစ်များတွင်လည်း ကွန်ကရစ်ပိုင်တိုင်များနှင့် ကွန်ကရစ်အောက်ခံခုံ (PHC pipe piles with concrete caps) မှသည် သံမဏိဖြင့်ပြုလုပ်ထားသော ပိုင်တိုင်များ (steel structure pipe piles) အထိ အမျိုးမျိုးသော ပုံစံများပါဝင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံတည်ဆောက်ထားရှိမှု၊ ဓာတ်အားထုတ်လုပ်နေမှုတို့ကို လေ့လာကြည့်ရှုကြသည်။

ခရီးစဉ်အတွင်းတွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် လျက် ရှိသော တရုတ်အစိုးရပိုင်ကုမ္ပဏီများဖြစ်သည့် ShweLi(1) Hydropower Co.,Ltd.၊ Yunnan United Power Development Co.,Ltd.၊ Goodwe Technologies Co.,Ltd.၊ POWER CHINA Chengdu Engineering Corporation Limited တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စီမံကိန်းများအကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။ ခရီးစဉ်များအပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ယနေ့တွင်လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်းသိရသည်။

**မြဝတီ**

# တောင်သူတွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၂၆

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာတောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဘဲကုန်းကျေးရွာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒေသစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများထံ အနိမ့်တင်ဆိုလာပန့်များ လွှဲပြောင်းပေးအပ်ကာ အနိမ့်တင်ဆိုလာပန့်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဘောဂသိဒ္ဓိရပ်ကွက်၌ လူပျိုဆောင်နှင့် အမှုထမ်းအိမ်ရာများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်သားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်ပြည့်မီအောင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

❍ ကျောဖုံးမှအဆက်

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်ပါသည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၁ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်းဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့လည်းကောင်း၊အောက်တိုဘာလ ၂၈ ရက်၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm)အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကာ ယင်းနေ့ညနေပိုင်းတွင် အင်ဒိယ(ရာပရာဒေ့ရှ်)ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**


အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာလ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့်မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

၂၆-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



# မရမ်းကုန်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အထူးကွင်းဆင်းကုသမှုပေး

နေပြည်တော် အောက်တိုဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများလိုအပ်သော ကုသမှုများကို ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ လက်လှမ်းမီရရှိစေရန်နှင့် လူတိုင်း သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာနေနိုင်ရေးအတွက်ရောဂါများကို စောစီးစွာသိရှိပြီး ကုသမှုခံယူနိုင်စေရန်ရည်ရွယ်၍ ပြည်သူ့ဆေးရုံကြီးများမှ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် ကွင်းဆင်းကုသမှုအစီအစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရွာတန်းရှည် ပရိယတ္တိစာသင်တိုက်၌ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှဆေးရုံအုပ်ကြီး ဒေါက်တာသူရဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကုသမှုအစီအစဉ် ဆောင်ရွက်နေမှုကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လာရောက်ပြသသောလူနာနှင့်မိသားစုဝင်များကို တွေ့ဆုံအားပေးပြီး ကုသမှုဆောင်ရွက်ပေးနေသော အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များကိုတွေ့ဆုံကာ ကွင်းဆင်းကုသမှုများကို ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေးနှင့် လူနာများကုသရေးတို့အတွက် လိုအပ်သည်များကို မှာကြား၍ စားသုံးဆီနှင့်ချိုးမြှင့်ငွေများ ပေးအပ်သည်။



အဆိုပါ အထူးကု ကွင်းဆင်းကုသမှုအစီအစဉ်တွင် အထွေထွေရောဂါလူနာ ၈၇ ဦး၊ ခွဲစိတ်ရောဂါဆိုင်ရာ လူနာ သုံးဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၁၄ ဦး၊ ကလေးရောဂါလူနာ ၁၃ ဦး၊ အရိုးရောဂါလူနာ ရှစ်ဦး၊ မျက်စိရောဂါလူနာ ၉၄ ဦး၊ အကြောအဆစ်ရောဂါလူနာ ၃၈ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၈ ဦး စုစုပေါင်း ၂၉၅ ဦးတို့ကို ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး Ultrasound ရိုက်၍ ရောဂါရှာဖွေစမ်းသပ်ပေးနိုင်ခဲ့သူ ၂၂ ဦးရှိကာ အထွေထွေရောဂါဆိုင်ရာလွှဲပြောင်းလူနာ ၂၀ ဦး၊ အရိုးရောဂါလူနာ သုံးဦး၊ အကြောအဆစ်ရောဂါလူနာ တစ်ဦး၊ မျက်စိအတွင်းတိမ်ရောဂါလူနာ ၁၀ ဦး စုစုပေါင်း ၃၄ ဦးတို့ကို ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ လိုအပ်သောကုသမှုများအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာန၊ အထွေထွေရောဂါကုသဆောင်နှင့် ခွဲစိတ်ရောဂါကုသဆောင်နှင့် ခွဲစိတ်ရောဂါ ကာကွယ်ဆေးထိုးဌာနများ၌ လာရောက်ပြသသော လူနာများ၊ လူနာ မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး တာဝန်ထမ်းဆောင်နေကြသော ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများကို အရေးပေါ်လူနာများအချိန်နှင့်တစ်ပြေးညီကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး၊ လူနာ၊ လူနာရှင်နှင့် ကျန်းမာရေးဝန်ထမ်းများပါ စိတ်ကျေနပ်စွာ ကုသမှုရရှိ/ဆောင်ရွက်ပေးနိုင်ရေး၊ အခြေခံ မရှိမဖြစ် ဓာတ်ခွဲစစ်ဆေးမှုများကိုဆောင်ရွက်ပေးနိုင်ရေး၊ အရေးပေါ်ရောဂါရှာဖွေမှုများ ၂၄ နာရီ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့(၂/ ၂၀၂၅-၂၀၂၆) အစည်းအဝေးကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၆

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၅-၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအစီအစဉ်တွင် ယခင်က PFI ဘဏ်များအဖြစ် နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဆောင်ရွက်ခဲ့ရာ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာပိုမိုထုတ်ချေးနိုင်ရေးအတွက် PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ်များမှ ပါဝင်ဆောင်ရွက်ရေး၊ လက်ရှိအများဆုံး ထုတ်ချေးနိုင်သည့် ချေးငွေပမာဏ သတ်မှတ်ချက် ငွေကျပ်သိန်း ၃၀၀၀ အစား ငွေကျပ်သိန်း ၅၀၀၀ အထိ တိုးမြှင့်ထုတ်ချေးရေး၊ ကုမ္ပဏီအစုအဖွဲ့များ၊ ဆီစက်အကြီးများစက်အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းများအတွက် ချေးငွေပမာဏငွေကျပ်သိန်း ၁၀၀၀၀ အထိ ထုတ်ချေးရေး၊ အာမခံလုံလောက်စွာပေးနိုင်ခြင်း မရှိသည့် ဆီစက်လုပ်ငန်းရှင်များအတွက် ချေးငွေအာမခံစနစ်(CGI )ဖြင့် ချေးငွေရယူနိုင်စေရေးတို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီကာလတွင် PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ်များပါဝင်လာမည်ဖြစ်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများကို ပိုမိုကျယ်ပြန့်စွာတိုးတက် ထုတ်ချေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ဦးဆောင်ညွှန်ကြားရေးမှူးက ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ပိုမိုကျယ်ပြန့်စွာထုတ်ချေးနိုင်ရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းပြင်ဆင်ထုတ်ပြန်နိုင်ရေးဆောင်ရွက်ပြီးစီးမှု၊ ချေးငွေများ ထုတ်ချေးပြီးစီးမှု၊ အချိန်စေ့ငွေများကို ပြန်လည်ကောက်ခံရရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။


အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# သီပေါမြို့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်လက်ဝင်ရောက်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



သီပေါမြို့သို့ ထပ်မံဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုစဉ်။



သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၆

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၃ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၄ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက်နယ်မြေလုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တက်ညီ၊ လက်ညီ . . . ဒီမိုကရေစီပန်းတိုင်ဆီသို့

မင်းခန့်

ဒီနေ့၊ ဒီအချိန်၊ ဒီကာလမှာ နိုင်ငံတော်နဲ့ပြည်သူအားလုံးရဲ့ပန်းတိုင်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးပဲဖြစ်ပါတယ်။ ဒီပန်းတိုင်ကို အမြန်ရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးဟာ အလွန်အရေးကြီးတဲ့အတွက် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ရှိအောင် တပ်မတော်က လမ်းကြောင်းခင်းပေးလျက်ရှိနေပါတယ်။ တပ်မတော်ကခင်းပေးတဲ့လမ်းကြောင်းမှာ ပါတီစုံဒီမိုကရေစီစနစ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ အလွန်အင်မတန်အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။

**❖ အမှန်စစ်စစ် အဲဒီအဖျက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့အချိုးအကွေ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူတွေဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်စေချင်သူတွေဖြစ်လို့ အာဏာရူးသူတွေသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလွန်အရုပ်ဆိုးအကျည်းတန်ခဲ့တဲ့ တရားမဝင်တော့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုဆုပ်ကိုင်ပြီး ၎င်းတို့အုပ်ချုပ်မှသာ စစ်မှန်တဲ့အစိုးရဖြစ်မယ်ဆိုတဲ့ နိုင်ငံရေးရေချိန်နိမ့်ပါးတဲ့ အတွေးအခေါ်အယူအဆရှိသူများသာဖြစ်ပါတယ်။ လက်ရှိသူတို့ရဲ့ သဘောထားများနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်တိုက်ခိုက်နေတဲ့ အကြမ်းဖက်၊ အဖျက်အမှောင့်သမားများသာဖြစ်ပြီး ပြည်သူလူထုရဲ့ လိုလားတောင့်တချက်ကို နှောင့်ယှက်ဟန့်တားသူအဖျက်အမှောင့်သမားများဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ရန်သူတွေဖြစ်ပါတယ်။**

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖို့အတွက် ရွေးကောက်ပွဲဆိုတာ မဖြစ်မနေလုပ်ရမယ့်လုပ်ငန်းစဉ်တစ်ခုဖြစ်သလို နိုင်ငံတော်ကိုဦးဆောင်မယ့် အုပ်ချုပ်ရေးယန္တရားအပြောင်းအလဲအတွက် အချိုးအကွေ့တစ်ခုလည်းဖြစ်ပါတယ်။ ဒီအချိုးအကွေ့ ညင်သာဖို့အတွက် ရွေးကောက်ပွဲတစ်ခုဟာ လွတ်လပ်ပွင့်လင်းပြီး တရားမျှတဖို့လိုသလိုပါဝင်သူ Stakeholder နဲ့ မဲဆန္ဒရှင်ပြည်သူအများ လက်ခံနိုင်ဖို့လိုပါတယ်။ အငြင်းအခုံနဲ့ မကျေနပ်မှုတွေရှိနိုင်သော်လည်း ပြဋ္ဌာန်းထားတဲ့ရွေးကောက်ပွဲဥပဒေတွေနဲ့အညီ ရွေးကောက်ပွဲအနိုင်ရရှိသူတွေက အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ထိခိုက်ပွန်းပဲ့မှုအနည်းဆုံးနဲ့ ညင်သာစွာကူးပြောင်းနိုင်ဖို့ အလွန်အင်မတန်အရေးကြီးလှပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကပေးခဲ့တဲ့သင်ခန်းစာအရ ပြည်သူလူထုထောက်ခံမှုအများစုရရှိနေမှုကို အခွင့်ကောင်းယူကောက်လွဲပြီး အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို အလုံးစုံချုပ်ကိုင်ပြီး အာဏာရမှုကြီးမားခဲ့တဲ့ NLD ပါတီခေါင်းဆောင်ပိုင်းရဲ့လွဲမှားတဲ့ ဆုံးဖြတ်ချက်များဖြင့် တည်ဆဲအခြေခံဥပဒေကိုကျော်လွှန်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူဖို့ကြိုးစားခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ မဲမသမာမှုအကြီးအကျယ်လုပ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲဟာ တရားမျှတမှုမဖြစ်ခဲ့သလို ညင်သာတဲ့အချိုးအကွေ့မဖြစ်ခဲ့တာ အားလုံးတွေ့မြင်သိရှိခံစားနေကြရပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတစ်လျှောက်မှာ အမည်းစက်ကြီးဖြစ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုများဟာ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးထက် လွှတ်တော်အတွင်းမှာ တစ်ပါတီတည်းကလွှမ်းမိုးပြီး အာဏာကြီးသုံးရပ်ကို ချိန်ခွင်လျှာထိန်းညှိထားတဲ့ဟန်ချက်ကို ပျက်စီးစေမယ့်ဆိုးကျိုးကို ဦးတည်ခဲ့ပါတယ်။ လွတ်လပ်ပွင့်လင်းပြီး တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲဟာ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အသက်သွေးကြောဖြစ်သလို ဒီရွေးကောက်ပွဲကို တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးရတဲ့ အာဏာရအစိုးရနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ရဲ့ ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်နေပါတယ်။

ဒါကြောင့် လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ရွေးကောက်ပွဲကြီးဖြစ်စေပြီး ရွေးကောက်ပွဲကတစ်ဆင့်ဖြစ်ပေါ်လာမယ့် ရွေးကောက်ခံအစိုးရကို ညင်သာစွာကူးပြောင်းပေးဖို့ လက်ရှိအစိုးရက ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလိုအချိန်၊ ဒီလိုကာလမှာ ပြည်ပကိုထွက်ပြေးတိမ်းရှောင်ပြီး နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်လမ်းစဉ်နဲ့ရယူဖို့ကြိုးစားနေတဲ့ အကြမ်းဖက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ရွေးကောက်ပွဲမဖြစ်ပေါ်လာစေရေး နည်းလမ်းမျိုးစုံနဲ့ နှောင့်ယှက်ဟန့်တားမှုများပြုလုပ်နေတာကို သတိပြုကြရမှာဖြစ်ပါတယ်။

**အမှန်စစ်စစ် အဲဒီအဖျက်သမား လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့ အချိုးအကွေ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူတွေဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်စေချင်သူတွေဖြစ်လို့ အာဏာရူးသူတွေသာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလွန်အရုပ်ဆိုးအကျည်းတန်ခဲ့တဲ့ တရားမဝင်တော့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကိုဆုပ်ကိုင်ပြီး ၎င်းတို့အုပ်ချုပ်မှသာ စစ်မှန်တဲ့ အစိုးရဖြစ်မယ်ဆိုတဲ့ နိုင်ငံရေးရေချိန်နိမ့်ပါးတဲ့ အတွေးအခေါ်အယူအဆရှိသူများသာဖြစ်ပါတယ်။ လက်ရှိသူတို့ရဲ့သဘောထားများနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်တိုက်ခိုက်နေတဲ့ အကြမ်းဖက်၊ အဖျက်အမှောင့်သမားများသာဖြစ်ပြီး ပြည်သူလူထုရဲ့ လိုလားတောင့်တချက်ကို နှောင့်ယှက်ဟန့်တားသူ အဖျက်အမှောင့်သမားများဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ရန်သူတွေဖြစ်ပါတယ်။** တိုင်းရင်းသားလက်နက်ကိုင်အမည်ခံထားပြီး နယ်တစ်နယ်၊ ခေါင်းတစ်စင်းလုပ်ချင်တဲ့ လက်နက်ကိုင်သူပုန်အဖွဲ့တချို့ကလည်း ရွေးကောက်ပွဲကြီး ဖြစ်ပေါ်လာမှာကို ကြောက်ရွံ့နေကြပါတယ်။ ဒါကြောင့်လည်း ပြည်သူအများစုလိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်မလာရေးအတွက် ရွေးကောက်ပွဲကြီးကို မဖြစ်မနေနည်းမျိုးစုံနဲ့ဟန့်တားနှောင့်ယှက်ကောလာဟလတွေ ထုတ်လွှင့်နေကြပါတယ်။

အဲဒီအဖျက်သမားများရဲ့ ကောလာဟလထုတ်လွှင့်မှုများကြောင့် ယခုလိုရွေးကောက်ပွဲအကြိုကာလမှာ ပြည်သူလူထုအတွင်း မေးခွန်းသုံးခုဖြစ်ပေါ်နေပြီး စိုးရိမ်ပူပန်မှုတွေရှိနေပါတယ်၊ အဲဒီမေးခွန်းသုံးခုကတော့–

- **မေးခွန်း(၁) – လုံခြုံရေးအခြေအနေများအရ တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲမပြုလုပ်နိုင်ပါက ရွေးကောက်ပွဲရဲ့ တရားဝင်မှု (Legitimacy) ထိခိုက်နိုင်ပါသလား။**
- **မေးခွန်း(၂) – ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်ဦးရေ ပြည့်မီခြင်းမရှိပါက လွှတ်တော်အစည်းအဝေးများကျင်းပခြင်းနှင့် အစိုးရဖွဲ့စည်းခြင်းတို့ကို ဘယ်လိုဆက်လုပ်မလဲ။**
- **မေးခွန်း(၃) – ဟိုလူမပါလို့၊ ဒီပါတီဝင်မပြိုင်လို့ စစ်မှန်တဲ့ ရွေးကောက်ပွဲဖြစ်နိုင်ပါ့မလား။**

ဆိုတဲ့ မေးခွန်းများပဲဖြစ်ပါတယ်။

ဒီမေးခွန်းသုံးခုဟာ လာမယ့်ရွေးကောက်ပွဲကို ထောက်ခံသူ၊ မထောက်ခံသူကြားမှာ ဝေဖန်ထောက်ပြမှုများရှိနေသလို ရွေးကောက်ပွဲဆန့်ကျင်နေသူတို့က ဒီအချက်များကိုထောက်ပြပြီး ရွေးကောက်ပွဲကို အကြီးအကျယ်အပုပ်ချတိုက်ခိုက်နေတာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံအသီးသီးနဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေကြတဲ့ အဖွဲ့များကလည်း ဒီမေးခွန်းများကိုစိတ်ဝင်တစားသိချင်နေကြပါတယ်၊ ဒါကြောင့်လည်း ဒီမေးခွန်းသုံးခုအဖြေကို ရှင်းလင်းဖြေကြားပေးလိုက်ရပါတယ်။

မေးခွန်းနံပါတ်(၁)ရဲ့ အဖြေကတော့ရှင်းပါတယ်။ လုံခြုံရေးအခြေအနေအရ မဲဆန္ဒနယ်အများအပြား ရွေးကောက်ပွဲမလုပ်နိုင်လို့ ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy) မထိခိုက်နိုင်ပါဘူး။ လုံးဝမထိခိုက်ဘူးဆိုတာ ရဲရဲကြီးပြောရဲပါတယ်။ ဘာကြောင့်လဲဆိုတာကို အတိုဆုံးဖြေရရင်တော့ ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်အရေအတွက်မည်မျှရှိမှ ရွေးကောက်ပွဲအောင်မြင်အထမြောက်ကြောင်း အခြေခံဥပဒေထဲမှာ ရေးသားဖော်ပြထားခြင်းမရှိလို့ဖြစ်ပါတယ်။

ပိုမိုရှင်းအောင် ထပ်ရှင်းပြရရင်တော့ အခြေခံဥပဒေ၊ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းအခန်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကိုပြဋ္ဌာန်းထားရာ၌ "ပုဒ်မ၊ ၃၉၉(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းအား တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အဆိုပါပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များကို ရွှေ့ဆိုင်းကျင်းပခြင်းဟာ အခြေခံဥပဒေနှင့် ညီညွတ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်နှင့် ကြားဖြတ်ရွေးကောက်ပွဲများအနေဖြင့် ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင်တစ်ကြိမ် ကျင်းပခဲ့သည့်အတွေ့အကြုံများအရ မဲဆန္ဒနယ်အားလုံးရဲ့ ရွေးကောက်ပွဲများကို ရာနှုန်းပြည့် ကျင်းပနိုင်ခြင်းမရှိခဲ့သော်လည်း သက်ဆိုင်ရာလွှတ်တော်များခေါ်ယူခြင်းနှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရများဖွဲ့စည်းခြင်းတို့ကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့သည့် သာဓကများရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ်များအားလုံး ရွေးကောက်ပွဲမပြုလုပ်နိုင်ပေမယ့်လည်း လုပ်လို့ရတဲ့

**❖ ယခုရွေးကောက်ပွဲကို သုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်၍ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ ၁၀၀ မြို့နယ်နှင့် တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလောမကျင်းပနိုင်မယ့် မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်း ကြားဖြတ်ရွေးကောက်ပွဲပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင်ရွေးကောက်ပွဲရဲ့တရားဝင်မှု (Legitimacy)ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းက နားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်။**

စာမျက်နှာ ၁၄ သို့ ⊃

➲ စာမျက်နှာ ၁၃ မှအဆက်

မဲဆန္ဒနယ်များကိုရွေးကောက်ပွဲပြုလုပ်ပြီး ရွေးကောက်ခံကိုယ်စားလှယ်များရွေးချယ်ခြင်းဟာ ရွေးကောက်ပွဲရဲ့တရားဝင်မှု(Legitimacy)ကို မထိခိုက်ဘူးဆိုတာ လွယ်ကူရှင်းလင်းစွာသိရှိနိုင်ပါတယ်။

**ယခုရွေးကောက်ပွဲကိုသုံးကြိမ်ခွဲပြီး ကျင်းပမှာဖြစ်၍ ပထမအကြိမ်မှာ ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်မှာ ၁၀၀ မြို့နယ်နှင့် တတိယအကြိမ်မှာ ၇၂ မြို့နယ်ဖြစ်လို့ ရွေးကောက်ပွဲကျင်းပဖို့ မြို့နယ်ပေါင်းဟာ ၂၇၄ မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိလို့ လတ်တလောမကျင်းပနိုင်မယ့် မြို့နယ်က ၅၆ မြို့နယ်သာဖြစ်ပြီး ဒါလည်းကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ဒါဆိုရင် ရွေးကောက်ပွဲရဲ့တရားဝင်မှု(Legitimacy)ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းကနားလည်သဘောပေါက်လောက်မယ်လို့ ပြောရပါမယ်။**

မေးခွန်း (၂)အတွက် အဖြေကတော့ အထက်မှာဖော်ပြထားသလို ရွေးကောက်ပွဲကျင်းပရာမှာ မဲဆန္ဒနယ် မည်ရွေ့မည်မျှနှင့် ပြည်သူ့ကိုယ်စားလှယ် မည်ရွေ့မည်မျှအရေအတွက်ကို အခြေခံဥပဒေက သတ်မှတ်ထားခြင်းမရှိတာကြောင့် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ မည်မျှသာရှိသည်ဖြစ်စေ၊ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းကာ လွှတ်တော်အစည်းအဝေးများကိုကျင်းပခြင်း၊ အစိုးရဖွဲ့စည်းခြင်းတို့ကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁၀၉ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက်မပိုစေရဟူ၍ လည်းကောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၁၀ ထက်မပိုစေရဟူ၍လည်းကောင်း သတ်မှတ်ထားသည်ဖြစ်ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှပင်ရှိသည်ဖြစ်စေ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးနှင့်ပူးပေါင်းပြီး သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်မှာပဲဖြစ်ပါတယ်။

အစည်းအဝေးအထမြောက်မှုနှင့်ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၁၂၈ (က) အရ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်ကြောင်းပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များကိုသာ တက်ရောက်ခွင့်ရှိသော စုစုပေါင်းဦးရေတွင် ထည့်သွင်းရေတွက်ရခြင်းဖြစ်ပါတယ်။ **ရွေးကောက်ပွဲကျင်းပခြင်းမရှိတဲ့ မဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်နိုင်ခြင်းမလုပ်နိုင်တဲ့ ကိုယ်စားလှယ်အရေအတွက်အား လွှတ်တော်တက်ရောက်ခွင့်ရှိတဲ့ စုစုပေါင်းကိုယ်စားလှယ်အရေအတွက်မှာ ထည့်သွင်းရေတွက်ခြင်းမပြုပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ခံခဲ့ရသောကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ပြီး လွှတ်တော်လုပ်ငန်းစဉ်များကို အခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မှာပဲဖြစ်ပါတယ်။**

ဆိုလိုတာကတော့ ရွေးကောက်ခံကိုယ်စားလှယ် မည်မျှပင်နည်းသည်များသည်မဆို တပ်မတော်သားကိုယ်စားလှယ်များ၏ အမိန့်နာခံမှု၊ ညီညွတ်မှု၊ နိုင်ငံတော်အရေးအတွက် စိတ်အားထက်သန်စွာလုပ်ဆောင်နိုင်မှုနှင့် တပ်မတော်ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်မှာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရှေ့လုပ်ငန်းစဉ်နံပါတ်(၅)မှာဖော်ပြခဲ့သည့်အတိုင်း "ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်" သွားနိုင်မှာဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အောင်အောင်မြင်မြင် ဆက်လက်တည်ဆောက်သွားနိုင်မှာပဲဖြစ်ပါတယ်။

**❖ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖယ်ထားပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများရဲ့ စာရင်းပေးမှုအင်အားမှာ ၅၀၂၃ ဦးဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၈၃၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၁၀၆ ဦး စုစုပေါင်းအင်အား ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က စိစစ်ချက်အရ ကိုယ်စားလှယ်လောင်းအချို့ လျော့နည်းနိုင်သော်လည်း ထိခိုက်နိုင်စရာမရှိပါဘူး။**

ရွေးကောက်ပွဲစနစ်ကလည်း ပြည်သူ့လွှတ်တော်တစ်ခုတည်းသာ အနိုင်ရသူအကုန်ယူစနစ် (First Past The Post – FPTP) စနစ်သွားပြီး ကျန်လွှတ်တော်များအတွက် ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation – MMP) ဖြင့် သွားမှာဖြစ်လို့ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အသီးသီးမှ ရွေးချယ်ခံကိုယ်စားလှယ်လောင်းအသီးသီးကလည်း လွှတ်တော်အတွင်းသို့ အချိုးကျစနစ်အရ ဝင်ရောက်လာမှာဖြစ်တဲ့အတွက် စတင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်မှာ သိက္ခာရှိသောလွှတ်တော်၊ အငြင်းပွားဖွယ်မရှိသော လွှတ်တော်အဖြစ် ထင်ထင်ရှားရှားတွေ့မြင်ရတော့မှာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ **ဟိုလူမပါလို့၊ ဒီပါတီမပြိုင်လို့ဆိုတဲ့ မေးခွန်းမေးသူတွေကတော့ ပုဂ္ဂိုလ်ရေးခံစားချက်ကို ရှေ့တန်းတင်သူများဖြစ်ပါတယ်။ ဒီမိုကရေစီရေချိန်နိမ့်ပါးပြီး ပုဂ္ဂိုလ်ရေးကိုးကွယ်သူများရဲ့ အမြင်သဘောထားဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့စနစ်က ပါတီစုံဒီမိုကရေစီဖြစ်တဲ့အတွက် တစ်ပါတီတည်းကကြီးစိုးပြီး လူပုဂ္ဂိုလ်ပေါ် အမှီသဟဲပြုလွန်းရင် အာဏာရှင်စနစ်သာပြန်ဖြစ်သွားမှာဖြစ်ပါတယ်။ တစ်ပါတီအာဏာရှင်စနစ်နဲ့ လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ အားပြုထားလို့ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နိမ့်ကျခဲ့တဲ့အတွေ့အကြုံတွေကို ခံထားခဲ့ဖူးတာကြောင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးမပါဝင်တာနဲ့ အဲ့ဒီရွေးကောက်ပွဲကို တရားမဝင်ဘူးလို့ သတ်မှတ်လို့မရနိုင်ပါဘူး။** လက်ရှိမကြာမီကျင်းပပြုလုပ်တော့မယ့် ရွေးကောက်ပွဲမှာ တည်ဆဲဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင်ဝင်ရောက်ယှဉ်ပြိုင်မယ့်ပါတီ ၅၇ ပါတီ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ရှိနေပါတယ်။ အဲ့ဒီပါတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို ထောက်ခံအားပေးနေတဲ့ ပါတီဝင်များဟာလည်း မြန်မာနိုင်ငံသား ပြည်သူလူထုပဲဖြစ်ပါတယ်။ သူတို့ပါတီအနိုင်ရရှိရေးနဲ့ ပါတီရဲ့မူဝါဒလမ်းစဉ်များနဲ့အညီ အစိုးရဖွဲ့စည်းနိုင်ရေးတစ်နည်းအားဖြင့် နိုင်ငံ့တာဝန်ကိုထမ်းဆောင်နိုင်ရေး ကြိုးစားနေကြတာကိုလည်း အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ ဥပဒေနဲ့အညီ မှတ်ပုံမတင်လို့ ပါတီဖျက်သိမ်းခံရခြင်းဟာ သူ့သဘောသူဆောင်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာ ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်ထောက်ခံအားပေးတဲ့ ပါတီအဟောင်းတွေမပါတာနဲ့ ဒီရွေးကောက်ပွဲဟာ အစစ်အမှန်မဟုတ်ကြောင်း ဝေဖန်ပြောဆိုမှုများဟာ ရွေးကောက်ပွဲကိုနှောင့်ယှက်ဟန့်တားနေခြင်းသာဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ်ဖြစ်ပေါ်လာပါက လက်ရှိနိုင်ငံတော်အစိုးရကိုဆန့်ကျင်နေတဲ့ အဖျက်အမှောင့်အကြမ်းဖက်သမားတွေအဖို့ ရှေ့ဆက်ရပ်တည်ရန်ခက်ခဲတဲ့ အခြေအနေသို့ရောက်ရှိနိုင်တဲ့အတွက် အကြမ်းဖက်သောင်းကျန်းသူ၊ ဝရမ်းပြေးပြည်ပြေး အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း၊ မပျက်ပျက်အောင်ဖျက်ဆီးရမည့်အကြောင်းတွေ လှုံ့ဆော်မှုတွေအရှိန်မြှင့်လုပ်ဆောင်လျက်ရှိပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ပြည်သူတွေ စိုးရိမ်ထိတ်လန့်နေမှသာ သူတို့ရှင်သန်ရပ်တည်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ဘဝပေါင်းများစွာကိုချနင်းပြီး သူတို့သာအာဏာပြန်လည်ရရှိရေး နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေတဲ့ ပြည်ပြေးအုပ်စုများရဲ့အဟန့်အတား၊ အနှောင့်အယှက်များကို တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူလူထုအနေနဲ့ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ တက်ညီလက်ညီစည်းလုံးမှုအင်အားဖြင့် တုံ့ပြန်ဆန့်ကျင်သွားရန် လိုအပ်လှပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အရေးကြီးတဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဘက်ပေါင်းစုံကနေ ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ ပြည်တွင်း/ပြည်ပ အဖျက်အမှောင့်အုပ်စုများက ရွေးကောက်ပွဲပျက်စီးရာပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်ဝါဒဖြန့်မှုများကို နားမယောင်ကြရန်လည်း သတိပေးနှိုးဆော်လိုပါတယ်။

နိုင်ငံတော်အစိုးရကတော့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကိုနှောင့်ယှက်ခြင်းမှ ကာကွယ်ပေးတဲ့ ဥပဒေများပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်ပေးကြမယ့် နိုင်ငံ့ဝန်ထမ်းများကို ကာကွယ်ပေးလျက်ရှိပါတယ်။ ဒီဥပဒေဟာလည်း အသက်ဝင်လျက်ရှိပြီး ဒီဥပဒေအရ ရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားသူ ၉၃ ဦးကို ဥပဒေနဲ့အညီ အမှုဖွင့်အရေးယူပြီးဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရဲ့အချိုးအကွေ့ နိုင်ငံရေးအပြောင်းအလဲမှာ ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ဖို့အတွက် ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့်ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဗို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်ပေးကြဖို့ကိုလည်း အသိပေးလိုပါတယ်။

နိုင်ငံတော်အစိုးရက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်မဖြစ်မနေကျင်းပမည့်အကြောင်းအတိအလင်းကြေညာချိန်ကစပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများအပါအဝင် နိုင်ငံများစွာတို့မှ နိုင်ငံ့ခေါင်းဆောင်များက အသိအမှတ်ပြုအားပေးထောက်ခံကြသလို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ စေလွှတ်ပေးသွားမယ်လို့လည်း သိရပါတယ်။

**ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ရဲ့ အနာဂတ်ကို တည်ငြိမ်အေးချမ်းစွာပုံဖော်နိုင်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တာဝန်သိနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်ဖို့လိုအပ်လှပါတယ်။** မိမိတို့ရဲ့အဖိုးတန်တဲ့ နိုင်ငံသားအခွင့်အရေးကို လက်တွေ့အသုံးချကြပြီး တစ်မျိုးသားလုံးရဲ့ စုစည်းညီညွတ်သောစွမ်းအားဖြင့် အဖျက်သမားတို့ရဲ့အန္တရာယ်ကိုတွန်းလှန်ပြီး မိမိတို့အားလုံးလိုလားတောင့်တနေတဲ့ ဒီမိုကရေစီပန်းတိုင်ကို အောင်မြင်စွာရောက်ရှိအောင် ဟန်ချက်ညီညီ တက်လှမ်းကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲ၊ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီးဖြစ်ပေါ်လာစေရေးနဲ့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်စေရေးအတွက် ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ ကျရာကဏ္ဍမှ တက်ညီလက်ညီပါဝင်ပူးပေါင်းကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။



နံရံနှင့်မျက်နှာကြက်များ ပျက်စီးမှု



နံရံနှင့်မျက်နှာကြက်များ ပြုပြင်ဆောင်ရွက်နေမှု

အမျိုးသားလွှတ်တော်အဆောက်အဦပျက်စီးမှုနှင့်ပြုပြင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

**❖ ပြည်သူ့ရင်ပြင်နှင့်ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများကျင်းပနိုင်ရေးဆောင်ရွက်သွားရန်လို၊ မြန်မာ့သမိုင်းဝင်အထင်ကရ ပုဂ္ဂိုလ်ကြီးများ၏ရုပ်တုများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့်အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲဆောင်ရွက်. . .**

**❖ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက်စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်. . .**

**❖ အမြင်အားဖြင့်ကောင်းမွန်ရုံမဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေးပြုပြင်ဆောင်ရွက်သွားရန်လို၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း စနစ်တကျဖြင့်မှတ်တမ်းထားရှိ. . .**

★ **စာမျက်နှာ ၁၇ မှအဆက်**

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းမကြီးမှ နေပြည်တော်လေဆိပ်လမ်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် နေပြည်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ဗိုလ်ရှုခံစင်မြင့်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗိုလ်ရှုခံစင်မြင့်နေရာသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့အား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆန်းစစ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**လွှတ်တော်ဝင်းအတွင်းရှိ**
**အဆောက်အဦများ**
**ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်ဝင်းအတွင်းရှိအဆောက်အဦများအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လွှတ်တော်အဝင်အမှတ်(၁)တံတားနေရာသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် တံတားထိခိုက်ပျက်စီးမှုနှင့် ရွေ့လျားမှုများဖြစ်ပေါ်ခဲ့ခြင်းအား ပြန်လည်ပြုပြင်ရာ၌ တံတားတစ်စင်းတွင် ခန်းဖွင့် ၅ ခုပါဝင်ပြီး ခန်းဖွင့် ၁ ခုလျှင် အလေးချိန် ၁၅၀၀ တန်ခန့်ရှိသဖြင့် တံတားတစ်စင်းလုံး စုစုပေါင်းအလေးချိန် ၇၅၀၀ တန်ခန့်အား 3D Synchronise jack အသုံးပြုသည့် ခေတ်မီနည်းပညာဖြင့် ပင့်တင်၍ ပြုပြင်ခဲ့သည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လွှတ်တော်အဝင်အမှတ်(၁)တံတားနှင့် မုခ်ဦးဆောင်ပြုပြင်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော်အဆောက်အဦ ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော်အဆောက်အဦခန်းမအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အဆောက်အဦတို့အပါအဝင် အခြားအထောက်အကူပြုအဆောက်အဦများ၊ လမ်းတံတားများ၊ ခြံစည်းရိုးနှင့် မြေထိန်းနံရံများထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ဦးစားပေး အဆင့်သတ်မှတ်ချက်များအလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြုပြင်မှုများဆောင်ရွက်ရာတွင် အဆင့်အလိုက် စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမြင်အားဖြင့်ကောင်းမွန်ရုံမဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေးပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်း အဆောက်အဦများနှင့် လမ်းတံတားများပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လယ်ကိုင်း-ကျောင်းတော်ရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၉၁ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

မင်းဘူး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ကြီးမှူး၍ မင်းဘူးခရိုင်အတွင်း လယ်ကိုင်း-ကျောင်းတော်ရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၉၁ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ လယ်ကိုင်း-ကျောင်းတော်ရာလမ်းသည် လမ်းအရှည် ၄ မိုင် ၂ ဖာလုံခန့်ရှိပြီး စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့လာရောက်ဖူးမြော်ကြသော ဘုရားဖူးခရီးသွားပြည်သူများ အများဆုံးဖြတ်သန်းသွားလာကြသောလမ်းဖြစ်သည့်အတွက် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းအပြင် ကျောက်စီမြေထိန်းနံရံ အရှည် ပေ ၄၂၀ တည်ဆောက်ခြင်း၊ လမ်းပခုံးများပြုလုပ်ခြင်းနှင့် ဆေးလိုင်းဆွဲခြင်းစသောလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လယ်ကိုင်း-ကျောင်းတော်ရာလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့လာရောက်ဖူးမြော်ကြသော ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာသွားလာနိုင်မည့်အပြင် ဒေသခံပြည်သူများအနေဖြင့်လည်း လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဗိုလ်ရှုခံစင်မြင့်ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူများက နေပြည်တော်မြို့အဝင်မုခ်ဦးတည်ဆောက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

★ ရှေ့ဖုံးမှအဆက်

**မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့်ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွားလမ်းဖောက်လုပ်နေမှု**


ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော်၊ မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွားလမ်း ဖောက်လုပ်နေမှုလုပ်ငန်းခွင်နေရာသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ရုပ်တုများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အထိမ်းအမှတ် ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်မှုအရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးရန် တာဝန်ရှိသူများအနေဖြင့်လည်း အဆင့်လိုက်စနစ်တကျဖြစ်စေရေး စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ



ဧည့်သည်တော်စင်မြင့်အောက်ရှိ Inclined Cantilever Beam ပျက်စီးမှု



Cantilever Beam Steel Jacketing ဆောင်ရွက်နေမှု

ပြည်ထောင်စုလွှတ်တော်အဆောက်အဦ ပျက်စီးမှုနှင့်ပြုပြင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။










ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများကလျှင်ဘေးဒဏ်ကြောင့်တံတားထိခိုက်ပျက်စီးမှုနှင့်ရွေ့လျားမှုများဖြစ်ပေါ်ခဲ့ခြင်းအားပြန်လည်ပြုပြင်ရာ၌တံတားတစ်စင်းတွင်ခန်းဖွင့်၅ခုပါဝင်ပြီး ခန်းဖွင့်၁ခုလျှင်အလေးချိန် ၁၅၀၀ တန်ခန့်ရှိသဖြင့် တံတားတစ်စင်းလုံး စုစုပေါင်းအလေးချိန် ၇၅၀၀ တန်ခန့်အား 3D Synchronise jack အသုံးပြုသည့် ခေတ်မီနည်းပညာဖြင့်ပင့်တင်၍ ပြုပြင်ခဲ့သည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုရှင်းလင်းတင်ပြစဉ်။



အစည်းအဝေးခန်းမ မျက်နှာကြက်ပျက်စီးမှု



အစည်းအဝေးခန်းမ မျက်နှာကြက်ပြုပြင်ဆောင်ရွက်နေမှု

ပြည်သူ့လွှတ်တော်အဆောက်အဦပျက်စီးမှုနှင့်ပြုပြင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်ရန်လျာထားနေရာ**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ရာဇသင်္ဂဟလမ်းပေါ်၌ နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်ရန်လျာထားနေရာသို့ရောက်ရှိကြပြီး မြို့အဝင်မုခ်ဦး တည်ဆောက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ **စာမျက်နှာ ၁၅ သို့** ✭


MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing inspects rural development and reconstruction undertakings in Nay Pyi Taw Council Area



Senior General Min Aung Hlaing hears a report on restoration of D Hall of Pyidaungsu Hluttaw.




NAY PYI TAW October 26

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, accompanied by officials, inspected rural development and reconstruction undertakings in Nay Pyi Taw Council Area this morning and looked into the requirements.

**Construction of People's Square and entertainment square near City Hall and Pyinmana-Taungnyo eight-lane highway**

The Senior General arrived at the construction site of the People's Square and entertainment square and Pyinmana-Taungnyo eight-lane highway, and heard a report on progress of work presented by Union Minister for Construction U Myo Thant, Nay Pyi Taw Council Chair U Than Tun Oo and officials.



The photo shows the progress in repairing Archway No 1.

In response, the Senior General spoke of the need to organize Myanmar traditional festivals and important ceremonies at the People's Square and entertainment square, to draw designs that include erection of the statues of the famous persons of the Myanmar history and the monuments related to the nation, to take into account the sustainability, disaster-resilience and strongness in systematically conducting the

See Page - 19 ■■



Senior General Min Aung Hlaing inspects construction site of People's Square.



■■ From Page - 18

construction work stage by stage. He said building quality inspectors should help systematize the stages of the construction work.

The Senior General looked around the construction site of People's Square and entertainment square and looked into the requirements.

**Planned construction site of the entrance archway of Nay Pyi Taw**

Accompanied by officials, the Senior General arrived at the planned construction site of the entrance archway of Nay Pyi Taw on Yazathingaha Street and gave guidance on the project.

From Yazathingaha Street the Senior General looked around the Nay Pyi Taw Airport Road, old Yangon-Mandalay Road, and Nay Pyi Taw City in a motorcade, and stressed the requirement of constant activities for the cleanness and beautification of the roadsides.

**Stage for grand processions**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and party proceeded to the stage for grand processions, examined the earthquake-affected damaged parts, and gave instructions on upgrading the stage and its façade and other matters.

**Progress in repairing the buildings in the compound of Hluttaw**

The Senior General and party inspected the progress in repairing the damaged buildings in the compound of Hluttaw.

On arrival at the No 1 entrance bridge of the Hluttaw, he heard a report on the progress in restoring the bridge, presented by the Union Minister for Construction and officials. They said that a bridge had five trusses, that each one weighed about 1,500 tons and that the total weight of the bridge was 7,500 tons and that it was lifted and repaired with 3D synchronized jacks.

After giving instructions, the Senior General inspected the progress in restoring the bridge and the archway and Pyidaungsu Hluttaw building, and looked into the requirements.

Later, the minister reported on the extent of damage caused by the earthquake to the Pyidaungsu Hluttaw, Pyithu Hluttaw, Amyotha Hluttaw, other buildings, roads and bridges, fences and retaining walls in the compound of the parliament and progress in repairing them according to priority list.

In response, the Senior General stressed the need to systematically carry out the restoration work, under a stage-by-state program, for their strength and sustainability. He said just having handsomeness is not enough, as the buildings need strength. Damages, restoration activities and progress must be systematically recorded.

The Senior General and party looked around the buildings in the Hluttaw compound that were under repair. **100**

# Rainfed sesame harvested in Ayadaw Township



AYADAW October 26

Statistics of Monywa District Agriculture Department mentioned that local farmers have harvested more than 9,000 acres of rainfed sesame in Ayadaw Township of Sagaing Region this year.

In Ayadaw Township, a total of 31,375 acres of rainfed sesame were cultivated during this year's monsoon cropping season. Harvesting of the sesame fields began in August, and as of today, around 9,075 acres have been harvested, with yields averaging over 10 baskets per acre.

"This year, Ayadaw Township cultivated up to 31,375 acres of rainfed sesame. Harvesting is currently underway, and more than 9,000 acres have already been completed. Efforts have also been made to support farmers in expanding sesame acreage, improving yields, and practicing cultivation with GAP techniques," said Daw San San Myint, Head of the Monywa District Department of Agriculture.

The Township Department of Agriculture has provided awareness and training to sesame growers in Ayadaw this year to help them expand cultivation, adopt improved farming systems, use GAP methods, and grow quality, high-yield varieties.

Crops produced under the GAP system are said to have better quality and fetch higher prices compared with those grown under other farming practices. Moreover, they can be marketed not only domestically but also exported to international markets. As a result, farmers who adopt GAP-based cultivation are expected to achieve greater profitability and improvement in their socio-economic livelihoods. **SK**

# Authorities earmark cultivation of more than 15,000 acres of black gram in Dabayin Township

DABAYIN October 26

Local authorities have earmarked cultivation of more than 15,000 acres of black gram as cold season crops in Dabayin Township of Sagaing Region this year, according to YeU District Agriculture Department.

For the 2025–2026 winter crop season, it is planned to cultivate 15,147 acres of black gram in Dabayin Township, starting from October and continuing through December this year.

"For the coming winter crop season, over 15,000 acres of black gram have been planned for cultivation in Dabayin Township. We will work to ensure the full target acreage is achieved. During the planting season, we will also provide farmers with necessary technologies, quality seeds, and methods for pest and disease prevention through field visits," said U Zaw Myint Tun, Head of the YeU District Agriculture Department.

The Dabayin Township Agriculture Department will provide farmers with knowledge on using quality and suitable seed varieties for the region, proper cultivation methods, pest prevention, systematic fertilizer use, and ways to improve yields.

During this year's monsoon crop season, in the cultivation of various types of pulses, the respective township agriculture departments have been cooperating with farmers by supplying quality seeds, necessary inputs, and post-harvest technologies to help improve both yields and quality of pulse crops.

**SMK**

# Ayadaw Township plants more than 25,000 acres of pigeon pea this year

AYADAW October 26

A total of 25,435 acres of pigeon pea has been planted in Ayadaw Township of Sagaing Region during this monsoon, according to the statistics of Monywa District Agriculture Department.

In the 2025-2026 monsoon crop cultivation season, local authorities earmarked cultivation of 25,410 acres of pigeon pea crops in Ayadaw Township. Starting from this May, cultivation began, and as of today, 25,435 acres have already been cultivated.


"This year, during the monsoon crop season, the target for pigeon pea cultivation in Ayadaw Township was set at 25,410 acres. As of today, 25,435 acres have already been cultivated, exceeding the target. Efforts are also being made to ensure good yield outcomes for the pigeon pea crops. Pigeon peas are being cultivated both as sole crops and as intercropped or follow-up crops," said Daw San San Myint, Head of the Department of Agriculture for Monywa District.

This year, the Ayadaw Township Department of Agriculture is also providing field-level education to farmers cultivating pigeon peas, focusing on the selection of quality seeds, proper cultivation systems, pest prevention, and achieving high yields.

The Department of Agriculture in Ayadaw Township is also distributing techniques that promote the combined use of natural fertilizer to pigeon pea farmers, so they can reduce the cost of buying compound fertilizers. It is reported that this method helps reduce production costs, keeps crops free from pests, and supports healthy plant growth.

**SK**

# Thailand and Cambodia ink ceasefire deal




KUALA LUMPUR October 26

Cambodia and Thailand have signed an extended ceasefire to end a deadly border clash that erupted earlier this year. The signing ceremony on Sunday was overseen by US President Donald Trump, who brokered the initial truce.

Longstanding tensions between the two Southeast Asian neighbors rooted in colonial-era border disputes erupted in July as both sides traded fire for five days and hundreds of thousands fled the border area. A Malaysia-hosted meeting then produced a truce – the first step toward ending the crisis. Trump later said he used trade talks with both nations to push for de-escalation.

Cambodian Prime Minister Hun Manet and Thai Prime Minister Anutin Charnvirakul signed the expanded ceasefire on Sunday at the $47^{th}$ ASEAN summit in Malaysia.

Building on July's truce, it sets a framework to ease tensions and secure lasting peace along the border. The deal calls for Thailand to release 18 captured Cambodian soldiers, both sides to withdraw heavy weaponry, begin demining, and curb illegal cross-border activities.

Following the signing, the Thai prime minister said border weapon withdrawals would begin "promptly," alongside the release of Cambodian POWs, and announced a joint trade framework. His Cambodian counterpart praised the deal and vowed to uphold it, thanking Trump for his role. He added that he had nominated the US president for next year's Nobel Peace Prize.

The US president hailed the deal as "monumental" and "historic." He also highlighted his own role in the agreement, telling reporters he was very good at making "peace deals" and that it was "almost a hobby." After the ceremony, Trump signed a reciprocal trade deal with Cambodia and a critical minerals agreement with Thailand.

Since returning to office, Trump has repeatedly claimed he deserves the Nobel Peace Prize for resolving various conflicts across the globe. He cited his Gaza peace plan as his eighth such success but has at times confused his record, falsely claiming to have settled nonexistent disputes between Albania and Azerbaijan and between Armenia and Cambodia. He nevertheless welcomed this year's award going to Venezuelan opposition leader Maria Corina Machado, congratulating her and noting his past support for her cause.

**RT**

# Police arrest driver of bus that went up in flames killing 20 in India



NEW DELHI October 26

The driver of the double-decker sleeper bus that went up in flames killing 20 and injuring many others in the southern Indian state of Andhra Pradesh was arrested, police said Sunday.

The accused was found to have secured his heavy vehicle driving licence using forged educational certificates.

According to police, the investigators have found that the driver, who studied only up to Class 5, managed to get a heavy vehicle driving licence with a fake Class 10 certificate.

According to India's licensing rules, anyone driving a transport vehicle needs to have studied at least up to Class 8.

The bus carrying 42 passengers caught fire on early Friday after colliding with a motorcycle on the road near Chinna Tekur village in Kurnool district in Andhra Pradesh.

The ill-fated bus ran over a two-wheeler, dragged the motorbike underneath and subsequently caused its fuel tank to burst and ignite a massive fire, engulfing the entire vehicle.

Police said the two bike-borne persons involved in the accident were drunk.

**Xinhua**

# Two killed, several critically wounded in U.S. North Carolina shooting

NEW YORK October 26

At least two people were killed and several others were critically wounded after a shooting took place Saturday at a large party in the U.S. state of North Carolina, local police said.

A total of 13 people were shot in a rural area outside the southern town of Maxton, Robeson County Sheriff Burnis Wilkins' Office said on social media.

Over 150 people fled the location before law enforcement officers arrived, according to the office.

"There is no current threat to the community as this appears to have been an isolated incident," it said.

More details about the shooting, including the names of the victims, have not been released immediately, and no arrests have been announced yet, according to police.

**Xinhua**

# New US sanctions on Russia harm prospects for restoration of bilateral relations - Kremlin

MOSCOW October 26

Sanctions announced by Washington this week harmed the prospects for reconciliation between Russia and the United States, Kremlin spokesman Dmitry Peskov said.

"Of course, the actions that were taken this week were an unfriendly step. They really harmed the prospects for the restoration of our relations," Peskov told Russian journalist Pavel Zarubin.

At the same time, Washington's new sanctions are not a reason to abandon aspirations to restore relations between the two countries.

"Our interests involve creation of good relations with all countries, including the US," Peskov added. On Wednesday, the United States unveiled a new package of sanctions against Russia, which included measures against oil giants Rosneft, Lukoil and their subsidiaries. **Sputnik**

# Two detained for questioning over Louvre theft

PARIS October 26

French police made new progress on Saturday in the investigation into the recent theft at the Louvre Museum, detaining two individuals for questioning, local media reported on Sunday.

One suspect was arrested at the Paris Charles de Gaulle Airport around 10 p.m. Saturday as he prepared to board an international flight, while the second was apprehended shortly afterward in the Seine-Saint-Denis area near Paris. Both were taken into custody on charges of organized robbery and criminal conspiracy, according to reports by Le Parisien and Paris Match.

The Paris Prosecutor's Office confirmed in a statement on Sunday morning that the arrests took place on Saturday evening, adding that one of the suspects had been preparing to leave the country from the airport, local media said.

According to BFM TV, the two arrests have not yet led to the recovery of the stolen items.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Not a breakfast person? Lack of morning hunger might be your body trying to warn you of something, claim experts



It's drummed into us from birth that breakfast is the most important meal of the day - but what does it mean if you can't stomach the thought of food before lunch?

A healthy breakfast, loaded with protein, carbs and healthy fats, has long been heralded as the first step to health, helping the body to maintain blood sugar levels, fuel our brains and bodies, and prevent snacking on sugary and high-calorie foods.

Granted, our busy lifestyles make it hard to sit down for a well-thought out breakfast, but a high-protein breakfast can help you stay fuller for longer, ensuring you're not distracted by a rumbling stomach as the day makes way for the afternoon.

In contrast, sweet cereals can cause spikes in your blood sugar levels, which won't help you feel more alert in a morning meeting.

Natalie Burrows, a nutritional therapist, told Stylist Magazine that people need to ask themselves why they're not hungry in the morning.

She said: 'My question would be why you're not hungry for breakfast within the first two hours of being awake?'

For many people, the answer will be that they've had a coffee in lieu of breakfast - but this can be problematic.

Ms Burrows added: 'If it's because you're masking hunger consuming coffee, this isn't a great start to the day. Caffeine does not provide energy to the cells in our body.

'Caffeine causes neural excitation in the brain, which stimulates the adrenal glands to release adrenaline - this provides a false boost of energy.

'I would recommend not having caffeine until after you've had breakfast to support the appropriate regulation of adrenaline and cortisol.'

Many people choose to skip breakfast as they are trying to lose weight, but it can have the opposite effect.

Earlier this year, Spanish scientists pinpointed the amount of calories people should ingest for their first meal of the day if they are looking to shed a few pounds.

They concluded that dieters should aim to eat between 20 to 30 percent of their daily energy intake for the most important meal of the day.

That's between 500-750 calories for men, and 400-600 for women.

Getting serious about early morning nutrition can also have a positive effect on your mental health, as well as physical.

In February, a study suggested that tucking into breakfast before 9 am could significantly reduce your risk of suffering depression.

Scientists found men and women who ate after 9am were 28 percent more likely to have low mood and mental health problems than those eating their first meal of the day before 8 am.

Skipping breakfast altogether had a similarly damaging impact on psychological well-being, the study found.

If skipping breakfast is due to feeling too tired to eat, or because you simply don't have time, it might be related to your circadian rhythm, the body's internal clock which tells us when to eat, sleep, and wake.

Ms Burrows said: 'If it's a timing issue, and you're rushing out the door with no time to eat, or you feel that you're still too sleepy until lunch then focusing on circadian rhythm can help.

'Get daylight within 30 minutes of waking and work on your routine at night so you're getting enough sleep.

'If you've ever had a glass of water first thing when you wake up and felt nauseous, this will be because your body is still switching from melatonin to cortisol dominant and waking up.'

Cortisol, the body's stress hormone, is responsible for giving us our get up and go - and that includes when the alarm goes off.

Cara Rose, a nutritional therapist told the title the body manages a delicate balancing act between cortisol and melatonin, the hormone which is responsible for making us relaxed and sleepy.

She said: 'When we are sleeping, our body is in an overnight fast where it has to utilise reserves of glucose stored in the liver, in order to maintain blood sugar balance,' she said.

'This only lasts up to around eight hours, and once these stores are used up, our adrenal glands will release hormones such as cortisol to help manipulate blood sugar [by breaking down muscle] to keep us going.

'Melatonin is our sleep hormone and it works on an alternative 'shift pattern' to cortisol.

'When we wake it can take one or two hours for melatonin to be at low enough levels for eating and drinking to feel good.'

But, Ms Rose stressed, if you're not hungry in the morning, it can be a sign you're chronically stressed.

She explained: 'Waking up with no appetite could mean you're running on cortisol, which acts as a stress hormone.'

Previously studies have linked stress to a higher risk of heart disease, stroke, and mental health problems like depression.

If you believe your lack of morning hunger is due to stress, Ms Rose recommends drinking warm water with fresh ginger and lemon to kickstart liver function.

Ms Burrows explained that breakfast can actually be a great way to beat stress.

She added: 'If stress is part of the picture and a likely contributor then it's important to work on ways to manage the stress and support your body to relax.

'Starting with a small breakfast (hold the caffeine) and taking small steps into rebalancing the body's nervous system can see your morning appetite return.'

It can also help to start your day with deep breathing. Ms Rose said: 'This will help regulate cortisol and get you out of "fight or flight" mode.'

She recommends doing 'a couple of rounds of box breathing' which involves 'breathing in for four seconds, holding the breath for four seconds, breathing out for four seconds and holding the breath again for four seconds'.

However, if you're not stressed and are genuinely just not a breakfast person, it's not necessarily a bad thing, particularly if you follow a Mediterranean diet, which has been hailed for its longevity effects.

Ms Burrows pointed out that those in Mediterranean cultures 'often have a much lighter or later breakfast'.

The diet she explained 'can slow the emptying of food from the stomach' which keeps you 'fuller for longer' resulting in 'lower hunger levels in the morning'.

**Mail Online**

# အသံတိတ်စစ်ဆင်ရေးများအတွက် ဂျယ်လီငါးကဲ့သို့သွားမယ့် ရေအောက်တစ္ဆေ



ဂျယ်လီငါးလေးတွေကိုကြည့်လိုက်ရင် သူတို့ရဲ့လှုပ်ရှားသွားလာမှုက ရေပြင်ကို ရိုက်ခတ်မှုမရှိလောက်အောင်ကို ငြိမ်သက်လှပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များက ဂျယ်လီငါးရဲ့ပုံစံကို တုပပြီး ရေအောက်သွားဒရုန်းတစ်မျိုးကို ဖန်တီးလိုက်ပါတယ်။ အထူးသဖြင့် အသံတိတ်ဆိတ်မှုလိုအပ်တဲ့ စစ်ဆင်ရေးများအတွက် ကင်းထောက်သူများအဖြစ်ပါဝင်နိုင်စေဖို့ဖြစ်ပါတယ်။

တရုတ်နိုင်ငံ ရှန်းရှီးပြည်နယ်ရှိ ပိုလီတက္ကနစ်တက္ကသိုလ်မှ ပညာရှင်များက အဲဒီဒရုန်းကိုဖန်တီးထားတာပါ။ ဒရုန်းအတွက် နာမည်ကိုလည်း သူ့ရဲ့စွမ်းဆောင်ရည်နဲ့ အညီဖြစ်အောင် ရေအောက်တစ္ဆေဆိုပြီး ပေးထားပါတယ်။ သိပ္ပံပညာရှင်များရဲ့ စွမ်းဆောင်ရည်က ဘယ်လောက်အထိ အောင်မြင်မှုရှိလဲဆိုရင် သူတို့ဖန်တီးထားတဲ့ ဒရုန်းကို ရေထဲချလိုက်တဲ့အခါ ဂျယ်လီငါး အစစ်တွေနဲ့တောင်မှ ခွဲခြားလို့မရနိုင်တဲ့ အထိဖြစ်တယ်လို့ဆိုပါတယ်။

ရေအောက်တစ္ဆေအမည်ရှိ ဒီဒရုန်းတွေက ထောက်လှမ်းရေးဆိုင်ရာသတင်းတွေကိုရယူနိုင်သည့်သာမကဘဲ အဏ္ဏဝါရေပြင်မှာဖြစ်ပေါ်နေတဲ့အခြေအနေတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နိုင်မှာဖြစ်ပါတယ်။

**Ref: SCMP**

**ကိုထက်**

# ကီလိုမီတာ ၇၂၀ သွားနိုင်တဲ့အပြင် အရန်အောက်ဆီဂျင်စနစ်လည်း ပါဝင်လာမည့် Leapmotor D19



လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) တွေကို ထုတ်လုပ်နေတဲ့ ကုမ္ပဏီတွေထဲမှာ တရုတ်နိုင်ငံမှ Leapmotor ဆိုတဲ့ကုမ္ပဏီကလည်း မြင့်မားတဲ့ဘက်ထရီစွမ်းဆောင်ရည်များကိုသာမက အဆင့်မြင့်နည်းပညာများကိုပါပူးတွဲထုတ်ပြလာနိုင်တဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ အခုဆိုရင် Leapmotor က အရန်အောက်ဆီဂျင်စနစ်ပါ ပါဝင်လာတဲ့ EV တစ်စီးကို ထုတ်ဖော်မိတ်ဆက်ပြသလိုက်တာတွေ့ရပါတယ်။ အဲဒီ EV ကတော့ D19 ဖြစ်ပါတယ်။

D19 က ခုံသုံးတန်းပါ SUV ကားကြီးဖြစ်ပါတယ်။ ဒီလိုကားမျိုးကို ထုတ်လုပ်နိုင်ခြင်းအားဖြင့် Leapmotor ကုမ္ပဏီက အကြီးစားလျှပ်စစ်ကားများအတွက် ကန့်သတ်ချက်များကို ကျော်လွန်သွားနိုင်ပြီဆိုတာ ဖော်ပြလိုက်တာဖြစ်ပါတယ်။

Leapmotor က D19 ကို အမျိုးအစားနှစ်မျိုးနဲ့ထုတ်လုပ်သွားမယ်လို့ဆိုပါတယ်။ တစ်မျိုးက လုံးလုံးလျားလျား လျှပ်စစ်စွမ်းအင်အသုံးပြု အမျိုးအစားဖြစ်ပြီး နောက်တစ်မျိုးက အင်ဂျင်နဲ့လျှပ်စစ်မော်တာတို့ကိုပေါင်းစပ်ထားတဲ့အမျိုးအစားဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ကိုသာအသုံးပြုထားတဲ့အမျိုးအစားဆိုရင် အကွာအဝေးအားဖြင့် ကီလိုမီတာ ၇၂၀ အထိသွားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ အင်ဂျင်အသုံးမပြုသေးဘဲ လျှပ်စစ်မော်တာသက်သက်နဲ့တင် ကီလိုမီတာ ၅၀၀ အထိ သွားနိုင်မှာဖြစ်ပါတယ်။

**Ref: AE**

**ကိုထက်**

# သမုဒ္ဒရာရဲ့အငန်ဓာတ်နဲ့ မြေဆီလွှာရဲ့အစိုဓာတ်ကို စောင့်ကြည့်နိုင်မယ့်ဂြိုဟ်တု ပတ်လမ်းအတွင်းစမ်းသပ်မှုအောင်မြင်



တရုတ်နိုင်ငံက လွှတ်တင်ထားတဲ့ ဂြိုဟ်တုတစ်လုံးဟာ အရေးကြီးတဲ့စမ်းသပ်မှုတစ်ခုကို အောင်မြင်စွာကျော်ဖြတ်လိုက်နိုင်ပါပြီ။ တရုတ်နိုင်ငံက သမုဒ္ဒရာရဲ့အငန်ဓာတ်နဲ့ မြေဆီလွှာရဲ့အစိုဓာတ်တို့ကို အချိန်ပြည့်စောင့်ကြည့်နိုင်စေမယ့် Ocean-4 01 လို့ခေါ်တဲ့ ဂြိုဟ်တုကို ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလကတည်းက လွှတ်တင်ခဲ့တာပါ။ လွှတ်တင်ပြီးတစ်နှစ်အကြာမှာ အာကာသအခြေပြု ပတ်ဝန်းကျင်စောင့်ကြည့်ရေးမှာ ကြီးမားတဲ့အောင်မြင်မှုကိုရရှိခဲ့တာဖြစ်ပါတယ်။

သမုဒ္ဒရာရဲ့အငန်ဓာတ်ကို တိုင်းတာပြီး သိရှိနိုင်ခြင်းဟာ ရာသီဥတုပြောင်းလဲမှုနဲ့ ကမ္ဘာ့ရေသံသရာလည်မှုအတွက် အရေးပါတဲ့ အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ အခုတော့ အဲဒီဂြိုဟ်တုက ကမ္ဘာပတ်လမ်းအတွင်းလှည့်ပတ်ပြီး တိုင်းတာမှုတွေကို လုပ်ဆောင်နိုင်ပြီဖြစ်တဲ့အတွက် ရေရှည်အသုံးပြုလို့ရပြီလို့ ပညာရှင်များကဆိုပါတယ်။

ဒ့ါအပြင် Ocean-4 01 ဂြိုဟ်တုကို အဏ္ဏဝါသိပ္ပံအတွက်သာမက စိုက်ပျိုးရေးအတွက်အရေးပါတဲ့ မြေဆီလွှာအစိုဓာတ်စောင့်ကြည့်မှုအတွက် အသုံးပြုနိုင်တယ်လို့သိရပါတယ်။

**Ref: IE**

**ကိုထက်**

# ဘက်ထရီစွန့်ပစ်ပစ္စည်းများကိုစားသုံးမယ့် ဗက်တီးရီးယားတစ်မျိုးကိုတွေ့ရှိ


ဘော်စတွန်တက္ကသိုလ်မှ သုတေသနပညာရှင်များက အသုံးပြုပြီးလွှင့်ပစ်ထားတဲ့ ဘက်ထရီစွန့်ပစ်ပစ္စည်းများကိုစားသုံးမယ့် ဗက်တီးရီးယားတစ်မျိုးကို ဖော်ထုတ်တွေ့ရှိလိုက်နိုင်တယ်လို့ဆိုပါတယ်။ ဒီလိုဗက်တီးရီးယားကို တွေ့ရှိလိုက်ခြင်းဟာ သဘာဝပတ်ဝန်းကျင်အတွက်ကောင်းကျိုးများစွာကိုဖြစ်ပေါ်စေနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဘက်ထရီများကိုအခြားနည်းနဲ့ ပြန်လည်အသုံးပြုနိုင်ဖို့အတွက်ကောင်းမွန်တဲ့အထောက်အပံ့ဖြစ်စေမှာဖြစ်တယ်လို့ သုတေသီများကဆိုပါတယ်။

အခုဖော်ထုတ်တွေ့ရှိရတဲ့ ဗက်တီးရီးယားကို Acidithiobacillus ferrooxidans (Atf) လို့ခေါ်ပါတယ်။ သူက အက်စစ်ဓာတ်များလွန်းတဲ့ပတ်ဝန်းကျင်မှာ ရှင်သန်နိုင်စွမ်းရှိပါတယ်။ ဘက်ထရီအဟောင်းတွေမှာတွေ့ရလေ့ရှိတဲ့ ပါဝင်ပစ္စည်းများကို စားသုံးပါတယ်၊ ဒါကြောင့်ဒီဗက်တီးရီးယားတွေက စွန့်ပစ်ပစ္စည်းထွက်ရှိမှုနဲ့ စွမ်းအင်အသုံးပြုမှုတို့ကို လျော့နည်းကျဆင်းစေနိုင်ပါတယ်။

ယနေ့အချိန်မှာ စွန့်ပစ်ဘက်ထရီတွေများလာသလို ဘက်ထရီထုတ်လုပ်မှုလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းလိုအပ်ချက်ကလည်းမြင့်မားလာပါတယ်၊ ဘက်ထရီအဟောင်းတွေကိုပြန်သုံးခြင်းက ဘေးကင်းမှုနည်းပါးသလို စွမ်းအင်အသုံးပြုမှုလည်းများပါတယ်။ ဒါကြောင့် ဒီဗက်တီးရီးယားတွေက ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်စေမယ်လို့ မျှော်လင့်ရပါတယ်။

**Ref: IE**

**ကိုထက်**



# မိုင် ၂၀၀၀ အထိပျံသန်းပြီး တိုက်ခိုက်ရေးလုပ်ငန်းများလုပ်နိုင်မယ့် X-BAT မောင်းသူမဲ့လေယာဉ်



အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုပြည်နယ်အခြေစိုက် Shield AI ကုမ္ပဏီက မောင်းသူမဲ့လေယာဉ် နည်းပညာစိတ်ကူးအသစ်ကို ထုတ်ဖော်ပြသလိုက်ပါတယ်။ သူတို့ရဲ့စိတ်ကူးအရဖြစ်ပေါ်လာမယ့် မောင်းသူမဲ့လေယာဉ်ကိုတော့ X–BAT လို့အမည်ပေးထားပါတယ်။ X–BAT မှာတပ်ဆင်ပေးသွားမယ့်နည်းပညာက Shield AI ကုမ္ပဏီက ထုတ်ထားတဲ့ Hivemind အမည်ရှိနည်းပညာဖြစ်ပါတယ်၊ သူက AI နည်းပညာအသုံးပြု မောင်းသူမဲ့နည်းပညာဆော့ဝဲတစ်ခုဖြစ်ပါတယ်။

X–BAT က မောင်းသူမဲ့တိုက်လေယာဉ်ဖြစ်ပေမယ့် သူ့မှာပါဝင်တဲ့ထူးခြားမှုတစ်ခုက ဒေါင်လိုက်ပျံတက်နိုင်တဲ့အတွက် ပြေးလမ်းမလိုအပ်ခြင်းဖြစ်ပါတယ်၊ ဒ့ါအပြင် ဝန်စည်အပြည့်တင်ဆောင်ထားချိန်မှာတောင်မှ ပျံသန်းနိုင်တဲ့ခရီးအကွာအဝေးက ရေမိုင် ၂၀၀၀ အထိရှိမှာဖြစ်တယ်လို့ဆိုပါတယ်။

Shield AI ကုမ္ပဏီက X–BAT မောင်းသူမဲ့လေယာဉ်ကို ထုတ်လုပ်ရတဲ့ရည်ရွယ်ချက်က ရေတပ်စစ်ဆင်ရေးများနဲ့ ခက်ခဲကြမ်းတမ်းတဲ့စစ်ဆင်ရေးများကို အလွယ်တကူထမ်းဆောင်နိုင်စေဖို့ဖြစ်တယ်လို့ ပြောထားပါတယ်။

**Ref: IE**

**ကိုထက်**

# ထိုင်းနှင့်ကမ္ဘောဒီးယားတို့က အာဆီယံထိပ်သီးညီလာခံ၌ ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ထိုး



ကွာလာလမ်ပူ၊ ငြိမ်းချမ်းရေး

မလေးရှားနိုင်ငံ၌ အောက်တိုဘာလ ၂၆ ရက်တွင်ကျင်းပသော အာဆီယံထိပ်သီးညီလာခံ၌ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးချုပ်များက နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြောင်းသိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားကို အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့က သဘာပတိအဖြစ်ဆောင်ရွက်ကာ အသိသက်သေများအဖြစ်ပါဝင်လက်မှတ်ရေးထိုးသည်။

ထိုစာချုပ်အရ နှစ်နိုင်ငံစလုံးအနေဖြင့် ရန်ပြုတိုက်ခိုက်မှုများကိုရပ်တန့်ပြီး အိမ်နီးချင်းကောင်းဆက်ဆံရေး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းကဖမ်းဆီးထားသည့် ကမ္ဘောဒီးယားစစ်သည် ၁၈ ဦးကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိုစောင့်ကြည့်ရန် လေ့လာသူများကို စေလွှတ်သွားမည်ဖြစ်ကြောင်း သဘောတူထားခြင်းဖြစ်သည်။

ယခုရရှိသည့် သဘောတူညီချက်သည် နှစ်နိုင်ငံကြားအပစ်အခတ်ရပ်စဲရေးထက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့ အဓိကဦးတည်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် ယခုကျင်းပသော အာဆီယံထိပ်သီးညီလာခံ၌ တီမောလက်စတေနိုင်ငံကိုအာဆီယံ၏ ၁၁ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ်သတ်မှတ်ကြောင်း ကြေညာချက်ကိုလည်း ထုတ်ပြန်သည်ဟုသိရသည်။

Ref: ST

# အမေရိကန်က ရုရှားအပေါ်ချမှတ်သည့် ဒဏ်ခတ်ပိတ်ဆို့မှု နှစ်နိုင်ငံသင့်မြတ်ရေးကို ထိခိုက်စေဟုဆို

မော်စကို၊ နိုင်ငံရေး

ယခုသီတင်းပတ်အတွင်း အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာလိုက်သော ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုသည် နှစ်နိုင်ငံကြားသင့်မြတ်ရေးအတွက် အလားအလာများကို ထိခိုက်စေကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

“တကယ်တော့ အမေရိကန်ရဲ့လုပ်ရပ်က တကယ့်ကိုမိတ်ဆွေမဆန်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ ဒီလုပ်ရပ်ကြောင့် နှစ်နိုင်ငံကြားဆက်ဆံရေးပြန်ကောင်းစေနိုင်မယ့် အလားအလာတွေကိုထိခိုက်စေပါတယ်”ဟု ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပတ်စကော့ကပြောသည်။

အမေရိကန်အစိုးရသည်အောက်တိုဘာလ ၂၂ ရက်တွင် ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များချမှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ပြီး ယင်းကဲ့သို့ ဒဏ်ခတ်ပိတ်ဆို့မှုများတွင် ရုရှား၏ရေနံကုမ္ပဏီကြီးများနှင့် လက်ခွဲကုမ္ပဏီများပါဝင်သည်ဟုသိရသည်။

Ref: Sputnik

# တူရကီယဲနိုင်ငံရှိ တပ်ဖွဲ့ဝင်အားလုံး ဆုတ်ခွာသွားပြီဟု ကာ့တပ်ဖွဲ့က ထုတ်ပြန်ကြေညာ

အစ္စတန်ဘူ၊ စစ်ရေး

တူရကီယဲနိုင်ငံ၌ရှိသည့် ကာ့တပ်ဖွဲ့ဝင်များအားလုံး ဆုတ်ခွာသွားပြီဖြစ်ကြောင်း ကာ့ဒစ္စတန်အလုပ်သမားပါတီ(PKK)၏ ကာ့တပ်ဖွဲ့က အောက်တိုဘာလ ၂၆ ရက်တွင်ထုတ်ပြန်ကြေညာသည်။

“ကျွန်တော်တို့အနေနဲ့ တိုက်ခိုက်မှုများဖြစ်ပွားစေနိုင်တဲ့ ဒါမှမဟုတ် ရန်ပြုတိုက်ခိုက်ခံရနိုင်ခြေရှိတဲ့ တူရကီယဲနိုင်ငံရှိ မိမိတို့ရဲ့တပ်ဖွဲ့ဝင်များအားလုံးကို ဆုတ်ခွာခိုင်းလိုက်ပါပြီ”ဟု ကာ့တပ်ဖွဲ့ကပြောကြောင်း တူရကီယဲရှိ NTV သတင်းဌာနကဖော်ပြထားသည်။

ကာ့တပ်ဖွဲ့သည် ၁၉၈၄ ခုနှစ်မှစတင်၍ တူရကီယဲအစိုးရကိုဆန့်ကျင်ကာ လက်နက်ကိုင်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မေလတွင်မူ အကျဉ်းချခံထားရသည့် ကာ့တပ်ဖွဲ့ခေါင်းဆောင် အဗ္ဗဒူလာအိုကာလန်၏တောင်းဆိုချက်အရ တပ်ဖွဲ့ဝင်များကိုလက်နက်ဖြုတ်သိမ်းပြီး အဖွဲ့ကိုဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# အမေရိကန်နှင့် တရုတ်တို့ကြား ကုန်သွယ်ရေးအတွက် အောင်မြင်မှုရှိသော မူဘောင်ရရှိ

ကွာလာလမ်ပူ၊ စီးပွားရေး

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က နှစ်နိုင်ငံကြား ကုန်သွယ်ရေးအတွက်အောင်မြင်မှုရှိသော မူဘောင်တစ်ခုကိုရရှိခဲ့ပြီဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆန့်က အောက်တိုဘာလ ၂၆ ရက်တွင်ပြောသည်။

စကော့ဘတ်ဆန့်ဦးဆောင်သော အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံမှ ဒုတိယဝန်ကြီးချုပ် ဟီလိုင်ဖန်းဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့တို့အနေဖြင့် မလေးရှားနိုင်ငံ၌ နှစ်ရက်ကြာဆွေးနွေးမှုလုပ်ဆောင်ပြီးနောက် ယခုကဲ့သို့မူဘောင်ကိုသဘောတူညီချက်ရရှိခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် APEC ထိပ်သီးညီလာခံတွင် နှစ်နိုင်ငံစလုံးမှ ခေါင်းဆောင်များက ထိုမူဘောင်အပေါ် အခြေခံ၍ ဆွေးနွေးမှုဆက်လုပ်မည်ဖြစ်ကြောင်းသိရသည်။

Ref: Sputnik

# ရုရှားက အကန့်အသတ်မဲ့ သွားနိုင်သည့် နျူကလီးယားစွမ်းအင်သုံးဒုံးကျည်ကို စမ်းသပ်နိုင်



မော်စကို၊ စစ်လက်နက်

ရုရှားနိုင်ငံအနေဖြင့် အကန့်အသတ်မဲ့ အကွာအဝေးကိုသွားနိုင်သည့် နျူကလီးယားစွမ်းအင်သုံးဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်မှုလုပ်ဆောင်လိုက်နိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာလ ၂၆ ရက်တွင်ပြောသည်။

“ဒီဒုံးကျည်ကို တိုက်ပွဲဝင်အသင့်အသုံးပြုနိုင်စေဖို့အတွက် လုပ်ဆောင်စရာတွေများစွာကျန်နေပါသေးတယ်။ သို့ပေမယ့်လည်း အခုစမ်းသပ်မှုမှာတော့ အဓိကကျတဲ့ ရည်မှန်းချက်များကိုရရှိနိုင်ခဲ့ပါပြီ”ဟု ပူတင်က စစ်ဘက်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ်ပြောသည်။

ယခုစမ်းသပ်မှုလုပ်သည့် ဒုံးကျည်ကို Burevestnik ဟုအမည်ပေးထားပြီး ယင်းဒုံးကျည်သည် စမ်းသပ်မှုတွင် ကီလိုမီတာ ၁၄၀၀၀ အထိပျံသန်းနိုင်ခဲ့ကြောင်း၊ အချိန်အားဖြင့် ၁၅ နာရီကြာမြင့်ကြောင်း၊ လက်တွေ့အသုံးပြုသည့်အခါ ဒုံးကျည်ပျံသန်းနိုင်သည့်အကွာအဝေးမှာ ယခုထက်ပိုများနိုင်ကြောင်း ရုရှားတပ်မတော်စစ်ဦးစီးချုပ် ဗယ်လာရီဂျီရာဆီမော့က ပူတင်နှင့်တွေ့ဆုံဆွေးနွေးစဉ်ပြောသည်။

အနိမ့်ပျံဒုံးကျည်တစ်စင်းဖြစ်သည့် ထိုဒုံးကျည်ကို နျူကလီးယားစွမ်းအင်အသုံးပြုပျံသန်းစေခြင်းဖြစ်ပြီး ထိုသို့ပျံသန်းနိုင်ခြင်းကြောင့် ရန်သူ့ထောက်လှမ်းမှုများကို ကျော်လွှားကာ နျူကလီးယားထိပ်ဖူးများကိုလည်း သယ်ဆောင်နိုင်စွမ်းရှိကြောင်းသိရသည်။

Ref: Xinhua

# အိန္ဒိယက နယ်စပ်စည်းများတစ်လျှောက်တွင် တပ်ဖွဲ့အသစ်များဖြင့် အားဖြည့်မည်

နယူးဒေလီ၊ ကာကွယ်ရေး

အိန္ဒိယနိုင်ငံအနေဖြင့် နယ်စပ်စည်းများတစ်လျှောက်တွင် ကွန်မန်ဒိုနှင့်ဒရုန်းတပ်ဖွဲ့အသစ်များကိုအသုံးပြု၍ နယ်စပ်ကာကွယ်ရေးကို အားဖြည့်သွားမည်ဖြစ်ကြောင်း အိန္ဒိယတပ်မတော်ကထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါတပ်ဖွဲ့များကိုတပ်ဆင်ပေးမည့်လက်နက်များတွင် အနီးကပ်တိုက်ခိုက်ရေးအတွက် ကာဘိုင်များ၊ နောက်ဆုံးပေါ် တင့်ဖျက်လက်နက်များလည်းပါဝင်မည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းသည် နိုင်ငံ၏နယ်စပ်လုံခြုံရေးကိုသာမက ကာကွယ်ရေးကဏ္ဍကိုပါ ပိုမိုအားကောင်းခိုင်မာစေမည်ဖြစ်ကြောင်း လေ့လာသူများကပြောသည်။

နယ်စပ်စည်းများအတွက် ပထမဆုံးသော ခြေလျင်ကွန်မန်ဒိုတပ်ရင်းတစ်ရင်းကို နိုဝင်ဘာလ ၁ ရက်တွင် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ခြောက်လအတွင်း အလားတူတပ်ရင်း ၂၅ ရင်းအထိကို ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း အိန္ဒိယတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး အာဂျေးကူးမားကပြောသည်။

ထို့ပြင် အဆိုပါတပ်ရင်းတစ်ရင်းတွင် ခြေလျင်၊ အမြောက်၊ ဆက်သွယ်ရေးနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တို့မှ စစ်သည်အယောက် ၂၅၀ အထိပါဝင်မည်ဖြစ်ကြောင်း အာဂျေးကူးမားကပြောထားသည်ဟုသိရသည်။

Ref: SCMP



# တောင်ကြီးမြို့နယ် နားဘောင်ဒေသ အဘယဂီရိတောင်ပေါ်ရှိ ထီဟန်းဆွေး အရိယမဂ္ဂင်ဝိပဿနာရိပ်သာကျောင်း၌ စေတီရွှေထီးတော်တင်လှူပွဲကျင်းပ



**တောင်ကြီး အောက်တိုဘာ ၂၆**

တောင်ကြီးမြို့နယ် နားဘောင်ဒေသ အဘယဂီရိတောင်ပေါ်ရှိ ထီဟန်းဆွေး အရိယမဂ္ဂင်ဝိပဿနာရိပ်သာကျောင်း၌ စေတီရွှေထီးတော်တင်လှူပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါဝိပဿနာကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်ကြီးများအား ရွှေထီးတော်တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှပန်းစိုက်ငွေဖလားကိုင်၊ သာသနဓဇအလံကိုင်၊ ရွှေထီးတော်ကိုင်ဥပါသကာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ မင်္ဂလာဝေါယာဉ်တော်ကိုင်ဥပါသကာများက သတ်မှတ်နေရာတွင် နေရာယူကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများက ရွှေထီးတော်တင်လှူမည့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံပေါ်သို့ပင့်ဆောင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အလှူရှင်၊ ကုသိုလ်ရှင်များနှင့် ဒေသခံပြည်သူများက မင်္ဂလာရထားပျံဖြင့်ပင့်ဆောင်ကြသည်။

ထို့နောက်ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပြီး အမွှေးနံ့သာရည်များပက်ဖျန်းကာ အလှူရှင်၊ ကုသိုလ်ရှင်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က အဘယဂီရိတောင်ပေါ် ထီဟန်းဆွေးအရိယမဂ္ဂင်ဝိပဿနာရိပ်သာကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဉ္စမအကြိမ်မြောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာအောင်ဘွဲ့နှင်းသဘင်ဆက်ကပ်ခြင်း အခမ်းအနားကျင်းပ

ဟိုပုံး အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပဉ္စမအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်၉ နာရီတွင် နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။



ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဒေသ/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ရဟန်း၊ သာမဏေနှင့်သီလရှင် စုစုပေါင်း ၁၀၈ ပါးတို့ကို ဆွမ်းဆန်နှင့်လှူဖွယ်ပစ္စည်းများလောင်းလှူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညဥ့်ပရိတ်အပေါင်းတို့က ဆီဆိုင်မြို့ ဇဝနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသထံမှငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဆီဆိုင်မြို့ ဇဝနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသက သရဏီယဩဝါဒကထာချီးမြှင့်တော်မူပြီး ပအိုဝ်းဝိသာခါမွေ့စကြာဝတ်အဖွဲ့မှ ရုစ်လုံးဖွဲ့ ကဗျာများဖြင့် ဂုဏ်ပြုပူဇော်သည်။

ထို့နောက် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ၌ အထူးအောင်အရှင်သူမြတ် ၁၅ ပါး၊ ဘွဲ့ရအရှင်သူမြတ် ၆၈ ပါးတို့အား ဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒါစရိယဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ နာဂပုရသာသနာလင်္ကာရအသင်းကြီး၏ ဦးဆောင်ဆရာတော်၊ သာသနာလင်္ကာရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ လင်္ကာရက ကျေးဇူးတင်ဝမ်းမြောက်စကားမိန့်ကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ရှင်သာမဏေကူညီစောင့်ရှောက်လှူဒါန်းပွဲနှင့် ဆွမ်းခြောက်လောင်းလှူပွဲအခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၆

ကာယကံမေတ္တာဖောင်ဒေးရှင်း၏ ရှင်သာမဏေကူညီစောင့်ရှောက်လှူဒါန်းပွဲနှင့်ဆွမ်းခြောက်လောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီး(၁၄၀)ရပ်ကွက်ရှိ ကာယကံမေတ္တာဖောင်ဒေးရှင်းဓမ္မရိပ်သာ ပရဟိတသာသနာပြုကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို၍အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် ကာယကံ မေတ္တာဖောင်ဒေးရှင်း ဆရာတော်အရှင်ကုသလထံမှအခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူ၍ဩဝါဒတရားနာယူကြသည်။

ကာယကံမေတ္တာဖောင်ဒေးရှင်း ဆရာတော်အရှင်ကုသလက “ဘုန်းဘုန်းတို့ ရှင်သာမဏေ ကူညီစောင့်ရှောက်လှူဒါန်းပွဲကျင်းပလာတာ (၁၄)ကြိမ်ရှိပါပြီ။ အဲဒီ(၁၄)ကြိမ်အတွင်းမှာ ကိုရင်အပါးပေါင်း ၄၀၀ ကျော် ၅၀၀နီးပါးရှိပြီဖြစ်ပါတယ်။ အလှူရှင်တစ်ဦးက ကိုရင်တစ်ပါးကို တစ်လတစ်သောင်းထောက်ပံ့လှူဒါန်းပါတယ်။ သာသနာတော်တွင်းမှာ သာသနာရဲ့ရေသောက်မြစ်ဖြစ်တဲ့ ကိုရင်သာမဏေလေးများကို အထောက်အပံ့ဖြစ်အောင် ဘုန်းဘုန်းတို့ဆရာ၊ ဒါယကာလက်တွဲပြီးတော့ သာသနာ့အမွေခံတဲ့ ရှင်သာမဏေကူညီထောက်ပံ့တဲ့ပွဲလေးဖြစ်ပါတယ်”ဟုမိန့်ကြားသည်။

ယင်းနောက် ရှင်သာမဏေကူညီစောင့်ရှောက်ရေးအဖွဲ့နှင့်ပတ်သက်၍ ဥက္ကဋ္ဌ ဦးဝင်းလှိုင်က ရှင်းလင်းပြောကြားထားကာအလှူရှင်များ၏ကိုယ်စားအလှူရှင်တစ်ဦးကဝမ်းမြောက်ကြောင်းပြောကြားသည်။

အခမ်းအနားသို့ ကိုရင်သာမဏေ ၅၅ ပါးကြွရောက်ခဲ့ပြီး အလှူရှင်များကကိုရင်သာမဏေတစ်ပါးလျှင် တစ်လတစ်သောင်းကျပ်ဖြင့်ငါးနှစ်လှူဒါန်းသွားမည်ဖြစ်သည်။ ထို့နောက် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့်ကိုရင်သာမဏေများအား ဆက်ကပ်လှူဒါန်းပြီးလှူဒါန်းမှုအစုစုအတွက် ကာယကံမေတ္တာဖောင်ဒေးရှင်းဆရာတော်ထံမှအနုမောဒနာတရားနာကြားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ခင်မောင်တင်**

## ၂၆-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိစံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပန်းတိုင်အထွက်နှုန်းရရှိဖို့ ရေသွင်းကြပါစို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

စိုက်ပျိုးရေးအခြေခံသည့် မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာကုန်ထုတ်စွမ်းအားတိုးတက်ရန်အရေးကြီးသည်။ နိုင်ငံတော်မှ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထွက်ရှိလာစေရန် အဓိကအရေးကြီးသီးနှံ ၁၀ မျိုး၏ တစ်ဧကလျှင်ထွက်ရှိရမည့် ပန်းတိုင်အထွက်နှုန်းများအား မိုးစပါးတင်း ၁၀၀၊ နွေစပါးတင်း ၁၁၀၊ အစေ့ထုတ်ပြောင်း ၈၅ တင်း၊ မြေပဲ တင်း ၇၀၊ နှမ်းတင်း ၂၀၊ နေကြာတင်း ၅၀၊ မတ်ပဲ ၂၅ တင်း၊ ပဲတီစိမ်းတင်း ၂၀၊ ပဲစင်းငုံ ၂၅ တင်း၊ ချည်မျှင်ရှည်ဝါပိဿာ ၇၀၀၊ ချက်ကြံ တန် ၃၀ ဟူ၍ သတ်မှတ်ကာ ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံအဖြစ် ထည့်သွင်းသတ်မှတ်ပြီး တစ်ဧကလျှင် အာလူး ပိဿာ ၄၅၀၀၊ ကြက်သွန်နီပိဿာ ၅၀၀၀၊ ကြက်သွန်ဖြူပိဿာ ၂၅၀၀ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက်ကိုလည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိသည်။


စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် “ကြောင်းကျိုးဆက်စပ်မှု”သဘောတရားကို မေ့ထား၍ မရပါ။ အကြောင်းတရားကောင်းမွန်ပါမှသာလျှင် အကျိုးရလဒ်ကောင်းမွန်မည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ၏ အခြေခံအကျဆုံးအကြောင်းတရားများဖြစ်သည့် “မျိုး၊ မြေ၊ ရေ၊ နည်း”ကို ကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဖြစ်ရာ သီးနှံများလိုအပ်သည့်အချိန်တွင် လိုအပ်သည့်ရေကို လုံလောက်သည့်ပမာဏ ပေးသွင်းနိုင်ရေးသည်လည်း အရေးကြီးသည့်အကြောင်းတရားတစ်ခုဖြစ်သည်။ သီးနှံစိုက်ဧကအများစုမှာ မိုးရေကိုသာ အဓိကမှီခိုနေရပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သီးနှံများပုံမှန်ကြီးထွားမှုအတွက် အစိုဓာတ်လုံလောက်စွာရရှိရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေကြရသည်။ ဖြည့်စွက်ရေကို မဖြစ်မနေပေးသွင်းနိုင်မှသာလျှင် သီးနှံများ၏ အထွက်နှုန်းတည်ငြိမ်ခြင်း၊ အထွက်နှုန်းတိုးတက်ခြင်း ရလဒ်ကောင်းရမည်ဖြစ်သည်။ သီးနှံတစ်မျိုးချင်းစီတွင် ရေမဖြစ်မနေလိုအပ်သည့် ကြီးထွားမှုအဆင့်များ ရှိကြပြီး ၎င်းအဆင့်များတွင် ရေပြတ်လပ်ပါက အထွက်နှုန်းသိသိသာသာကျဆင်းစေနိုင်သည်။ သီးနှံအမျိုးအစားအလိုက် ရေလိုအပ်ချက်နှင့် အဓိကရေလိုအပ်သည့်အချိန်များကွာခြားသည့်အတွက် တောင်သူလယ်သမားများအနေဖြင့် မည်သည့်သီးနှံကို မည်သည့်အချိန်၌ ရေမည်မျှပေးသွင်းရမည်ကို သိရှိထားရန်လိုသည်။ ရေကိုအကျိုးရှိရှိ ထိရောက်မှန်ကန်စွာ စီမံခန့်ခွဲနိုင်ရေးသည် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည်။

**စပါး**

စပါးအတွက် စိုက်ပျိုးရာသီတစ်လျှောက်လုံး စုစုပေါင်းရေလိုအပ်ချက်အနေဖြင့် ၄ ပေ မှ ၅ ပေခန့် လိုသည်။ ဆည်ရေသောက်ဒေသများတွင် ရေသွင်းရေထုတ်လွယ်ကူအဆင်ပြေမည်ဆိုပါက စိုတစ်လှည့်ခြောက်တစ်ခါ ရေသွင်းစနစ်ကိုကျင့်သုံးသင့်သည်။ ပုံမှန်စပါးစိုက်ခင်းများတွင် ယေဘုယျအားဖြင့် ကောက်စိုက်ချိန်၌ ရေခပ်ပါးပါး (ရေအနက် ၁ လက်မမှ ၁ လက်မခွဲခန့်)သာထားသင့်သည်။ ပင်ပွားထွက်ချိန်တွင် ရေအနက် ၁ လက်မခွဲမှ ၄ လက်မခန့်အထိသာထားသင့်ပြီး ပင်ပွားအများဆုံးထွက်ချိန်တွင် ရေထုတ်ပေးသင့်သည်။ မှို့ကပ်ချိန်မှပန်းပွင့်ချိန်အထိသည် ရေကိုအထူးလိုအပ်ချိန်ဖြစ်၍ ရေပမာဏများများ (ရေအနက် ၂ လက်မမှ ၄ လက်မခန့်) ထားသင့်သည်။ ပန်းပွင့်စုံပြီးချိန်တွင် ရေကိုတဖြည်းဖြည်းထုတ်ပေးပြီး ရင့်မှည့်မှုညီညာစေရန်နှင့် လွယ်ကူစွာရိတ်သိမ်းနိုင်ရန်အတွက် မရိတ်သိမ်းမီ နှစ်ပတ်၊ သုံးပတ်အလိုတွင် ရေထုတ်ပေးရမည်။

**အစေ့ထုတ်ပြောင်း**

အစေ့ထုတ်ပြောင်းသည် ရေကိုအတော်အသင့်လိုအပ်သော သီးနှံဖြစ်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရန် ကြီးထွားမှုအဆင့်အလိုက် ရေပေးသွင်းမှု မှန်ကန်ရန်အရေးကြီးသည်။ အပင်ပေါက်ချိန်တွင် အစိုဓာတ်မလုံလောက်ပါက အပင်ပေါက်နှုန်းနည်းသဖြင့် မဖြစ်မနေရေသွင်းပေးရမည်။ အပင်ငယ်စဉ်တွင် ရေများလွန်းပါက အမြစ်ပုပ်ခြင်းဖြစ်နိုင်သဖြင့် အစိုဓာတ်သင့်တင့်ရုံမျှသာ ပေးသွင်း













သင့်သည်။ ပင်ပိုင်းကြီးထွားချိန်ကာလတွင် မြေအစိုဓာတ်ပေါ်မူတည်၍ ခုနစ်ရက်မှ ၁၀ ရက်ခြားခန့် တစ်ကြိမ်ရေသွင်းသင့်သည်။ ပန်းပွင့်ချိန်နှင့် မြိတ်စာထွက်ချိန်တွင်ရေအလုံအလောက်ရရန်အရေးအကြီးဆုံးဖြစ်ပြီး ၎င်းအချိန်၌ရေပြတ်လပ်ပါက အထွက်နှုန်းသိသိသာသာကျနိုင်သဖြင့် ဤအဆင့်တွင် အပတ်စဉ်ရေသွင်းသင့်သည်။ အစေ့ဖွံ့ဖြိုးချိန်ဖြစ်သည့် နို့ရည်တည်ချိန်၊ နို့ရည်ခဲချိန်အတွင်းတွင် ရေလိုအပ်မှုမြင့်မားနေဆဲဖြစ်ပြီး ရေပြတ်လပ်ပါက အစေ့သေးခြင်း၊ အထွက်နှုန်းလျော့ခြင်းဖြစ်နိုင်သောကြောင့် ၎င်းကာလအတွင်း ခုနစ်ရက်မှ ၁၀ ရက်ခြားခန့် ရေသွင်းသင့်သည်။ ဇီဝကမ္မရင့်မှည့်ချိန်၌ ရေလိုအပ်မှုလျော့နည်းလာသဖြင့် ရေဖြတ်နိုင်သည်။ သီးနှံသက်တမ်းတစ်လျှောက်လုံး၌ ပျမ်းမျှ ရေလိုအပ်ချက် ၂၃ လက်မမှ ၃၀ လက်မခန့်ရှိပြီး ရေဝပ်ဒဏ်ကိုမခံနိုင်ပါ။ အထူးသဖြင့် စိုက်ပျိုးပြီးသည်မှ တစ်လအတွင်း ရေမဝပ်စေဖို့ အထူးအရေးကြီးသည်၊ ပုံမှန်အားဖြင့်အစေ့ထုတ်ပြောင်းကို သားခွဲပြီးချိန်မှစပြီး မြေအစိုဓာတ်ပေါ်မူတည်၍ နှစ်ပတ်တစ်ကြိမ် ရေသွင်းသင့်သည်။ ရေရှားပါးသည့်ဒေသဖြစ်ခဲ့ပါက စစိုက်ချိန်၊ တစ်လခွဲသားအချိန်နှင့် သုံးလသားအချိန်တို့တွင် မဖြစ်မနေ ရေသွင်းပေးရန် လိုသည်။

**မြေပဲ**

မြေပဲသီးနှံအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရေးမှာ မြေတွင်းအစိုဓာတ်ပေါ်တွင် များစွာမူတည်သည်။ ယေဘုယျအားဖြင့် ပင်ပိုင်းကြီးထွားချိန်၊ ပန်းပွင့်ချိန်နှင့် စွယ်ချပြီးချိန်မှ မြေပဲသီးတောင့်ကြီးထွားချိန်တို့တွင် ရေသွင်းရန်လိုအပ်ပြီး သီးနှံသက်တမ်းတစ်လျှောက်လုံးအတွက် စုစုပေါင်းရေလိုအပ်ချက် ၁၈ လက်မမှ ၂၄ လက်မခန့် ရှိသည်။ တောင်သူများအနေဖြင့် ဖော်ပြပါအဆင့်များတွင် အစိုဓာတ်လုံလောက်ရုံမျှ ရေတစ်ကြိမ်စီ သွင်းသင့်သည်။

**နှမ်း**

နှမ်းပင်သည် အပင်ပေါက်သည်မှ အသီးတောင့်ရင့်မှည့်သည့်အချိန်ထိ အစိုဓာတ်လိုအပ်သော သီးနှံဖြစ်ပြီး ရေလိုအပ်ချိန်တွင် အချိန်ကိုက်ရေသွင်းစိုက်နိုင်လျှင် အထွက်နှုန်းကောင်းမည်ဖြစ်သည်။ အစိုဓာတ်မိအောင် စိုက်ပျိုးနိုင်ရန်နှင့် အစိုဓာတ်လိုအပ်ချိန်တွင် ရေသွင်းနိုင်ရန်စိုက်ချိန်ကိုချိန်ဆ စိုက်ပျိုးသင့်သည်။ စစိုက်ချိန်၌ မြေတွင်းအစိုဓာတ်မလုံလောက်ခဲ့ပါက ရေသွင်း၍ မြေပြုပြင် ထွန်ယက်ပြီးမှစိုက်ပျိုးသင့်သည်။ ပန်းဖူးစချိန်နှင့်ပန်းပွင့်ချိန် (ခေါင်းလောင်းဆွဲချိန်)နှင့် ပွင့်ဖူးစုံချိန်တွင် (အောင်ရေ) အစိုဓာတ်မလုံလောက်ပါက ရေသွင်းရန်လိုအပ်သည်။ သီးနှံသက်တမ်းတစ်လျှောက်လုံးအတွက် ၁၂ လက်မမှ ၁၈ လက်မခန့်လိုသည်။ ရေများပြီးအပင်ခြေရေဝပ်ပါက အပင်များသေတတ်သဖြင့် ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုး၍ မြေကြီးအစိုဓာတ်ရရုံမျှသာ ရေသွင်းသင့်သည်။

**နေကြာ**

နေကြာစိုက်ချိန်တွင် အစိုဓာတ်လုံလောက်စွာရှိရန်လိုအပ်သလို စိုက်ပျိုးသည့် သက်တမ်းတစ်လျှောက်လုံးတွင် အစိုဓာတ်လုံလောက်မှုရှိရမည်ဖြစ်သည်။ နေကြာသည်လည်း နှမ်းကဲ့သို့ပင် ရေဝပ်ဒဏ် လုံးဝမခံနိုင်ပါ။ ယေဘုယျအားဖြင့် အဖူးဝင်ချိန်(ကြက်ချေးစုချိန်)၊ ပန်းပွင့်ချိန်၊ အစေ့အဆန်တည်ချိန်တို့တွင် ရေသွင်းသင့်သည်။ ပွင့်ဖူးဝင်ချိန်မှ ပန်းပွင့်ချိန်ကာလထိ လုံးဝအစိုဓာတ်ပြတ်၍မရပါ။ အထွက်ကောင်းလိုလျှင် အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်တွင် မဖြစ်ဖြစ်အောင် ရေသွင်းပေးရန်လိုသည်။ ပန်းပွင့်ချိန်နှင့် အစေ့ရင့်ချိန်တွင် အစိုဓာတ်မလုံလောက်ပါက အထွက်နှုန်းသာမက အဆန်တွင် ဆီပါဝင်မှုနည်းစေနိုင်သည်။ အပင်ကြီးချိန် ရေများပါက (မိုးရွာသွန်းမှုများပါက) အပင်ရောဂါကျနိုင်သည်။ နေကြာပင်သက်တမ်းတစ်လျှောက်လုံး စုစုပေါင်းရေလိုအပ်ချက်မှာ ၁၈ လက်မမှ ၂၄ လက်မခန့်ဖြစ်သည်။

**မတ်ပဲနှင့်ပဲတီစိမ်း**

မတ်ပဲနှင့်ပဲတီစိမ်း နှစ်မျိုးလုံးအတွက် သီးနှံစစိုက်ချိန်မှ သုံးပတ်သားအထိ အစိုဓာတ်ကောင်းစွာရှိရန်လိုသည်။ ၎င်းတို့အတွက် သက်တမ်းတစ်လျှောက်လုံး စုစုပေါင်းရေလိုအပ်ချက်မှာ ၁၂ လက်မမှ ၁၈ လက်မခန့် ဖြစ်သည်။ မတ်ပဲသည် မိုးခေါင်သည့်ဒဏ်ကို အတော်အသင့်ခံနိုင်သည်။ ပဲတီစိမ်းသည် မတ်ပဲနှင့်နှိုင်းယှဉ်လျှင် ရေငတ်ဒဏ်ခံနိုင်ရည်ရှိမှုနည်းပါးသည်။ မတ်ပဲနှင့်ပဲတီစိမ်းတို့သည် ပန်းပွင့်ချိန်နှင့် သီးတောင့်ဝင်ချိန်တွင် ရေလိုအပ်မှုအများဆုံးဖြစ်ပြီး ၎င်းအချိန်များတွင် ရေငတ်ဒဏ်မခံနိုင်သဖြင့် ရေပေးသွင်းသင့်သည်။ မတ်ပဲသည် ၎င်းအချိန်များတွင် ရေကြီးခြင်း၊ ရေဝပ်ခြင်းကို မခံနိုင်ပါ။ ပဲတီစိမ်းသည် သီးနှံသက်တမ်းတစ်လျှောက်လုံးတွင် ရေကြီးခြင်း၊ ရေဝပ်ခြင်းကို မခံနိုင်ပါ။ ၎င်းတို့ကို စိုက်ပျိုးသည့်အခါ ရေပိုရေလျှံများကို ထုတ်ပစ်ရန် စိမ့်မြောင်း၊ ပတ်မြောင်းနှင့် ရေထုတ်မြောင်းများ မဖြစ်မနေလုပ်ထားရမည်။

**ပဲစင်းငုံ**

ပဲစင်းငုံကို မိုးရာသီတွင်အဓိကထား၍ စိုက်ပျိုးကြသည်။ ပဲစင်းငုံသည် အမြစ်နက်နက်ဆင်းသည့် သီးနှံဖြစ်သောကြောင့် မြေဆီလွှာအတွင်း နက်ရှိုင်းသော အလွှာများမှ အစိုဓာတ်ကို ထုတ်ယူနိုင်စွမ်းရှိသည့်အတွက် မိုးခေါင်ဒဏ်ခံနိုင်သည့် သီးနှံဖြစ်သော်လည်း ကိုင်းဖြာချိန်၊ ပန်းပွင့်ချိန်၊ သီးတောင့်ဝင်ချိန်တို့တွင် ရေလိုအပ်မှုအများဆုံးဖြစ်သဖြင့် ၎င်းအချိန်များတွင် အစိုဓာတ်လုံလောက်မှုမရှိပါက ဖြည့်စွက်ရေကို မဖြစ်မနေပေးသွင်းသင့်သည်။ သက်တမ်းတစ်လျှောက်လုံး စုစုပေါင်းရေလိုအပ်ချက်မှာ ၁၂ လက်မမှ ၁၈ လက်မခန့် ဖြစ်သည်။ သီးနှံသက်တမ်းတစ်လျှောက်လုံးတွင် ရေဝပ်ဒဏ်ကိုမခံနိုင်ပါ။

**ချည်မျှင်ရှည်ဝါ**

ချည်မျှင်ရှည်ဝါသည် အပူပိုင်းဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံဖြစ်သော်လည်း ရေလုံလောက်စွာမရခဲ့ပါက အထွက်နှုန်းသိသိသာသာကျဆင်းနိုင်သည်။ အပိမ့်စဝင်ချိန်မှပန်းစပွင့်ချိန်၊ ပန်းစပွင့်ချိန်မှ ပန်းပွင့်ဖြိုင်ချိန်၊ သီးလုံးဝင်ချိန်တို့တွင် ရေငတ်ဒဏ်မခံနိုင်သဖြင့် ၎င်းအချိန်များတွင် ရေပေးသွင်းသင့်သည်။ ရေပေးသွင်းရာတွင်လည်း ရေသွင်းမိုးမိမဖြစ်စေရေးအတွက် ရာသီဥတုအခြေအနေ၊ အပင်၏ရေလိုအပ်မှုအခြေအနေတို့ကို သေချာစွာစောင့်ကြည့်လေ့လာပြီးမှ ရေသွင်းသင့်သည်။ ဝါပင်သက်တမ်းတစ်လျှောက်လုံး စုစုပေါင်း ရေလိုအပ်ချက်မှာ ၂၈ လက်မမှ ၃၈ လက်မခန့် ဖြစ်သည်။ ရေကြီးခြင်း၊ ရေဝပ်ခြင်းသည် အထွက်နှုန်းကို ထိခိုက်နိုင်သဖြင့် စိမ့်မြောင်း၊ ပတ်မြောင်းများ မဖြစ်မနေပြုလုပ်ထားပြီး ပိုလျှံရေများထုတ်ပေးရန်လိုသည်။

**ချက်ကြံ**

ချက်ကြံသည် ရေလိုအပ်ချက်များသည့် သီးနှံဖြစ်သော်လည်း ရေဝပ်ဒဏ်ကိုမခံနိုင်ပါ။ ကြံအထွက်ကောင်းရန်အတွက် ရေသည်အရေးကြီးဆုံးသွင်းအားစုဖြစ်ပြီး ရေလုံလောက်မှုမရှိပါက ကြံပင်၏ကြီးထွားမှုနှင့်သီးနှံအထွက်ကို ထိခိုက်စေနိုင်သည်။ အစိုဓာတ်လုံလောက်မှုမရှိပါက ကြံပင်ပေါက်ချိန်၊ ပင်ပွားထွက်ချိန်၊ ကြံပင်ကြီးထွားချိန်တို့တွင် ရေသွင်းသင့်သည်။ ကြံပင်ကြီးထွားချိန်ကာလအတွင်း ရေလိုအပ်ချက်အများဆုံးဖြစ်သည်။ ကြံပင်ရင့်မှည့်ချိန်တွင် ရေလိုအပ်မှုနည်းပါးသည်။ ကြံပင်သက်တမ်းတစ်လျှောက်လုံး စုစုပေါင်းရေလိုအပ်ချက်မှာ **စာမျက်နှာ ၂၆ သို့ ➢**

➢ **စာမျက်နှာ ၂၅ မှအဆက်**

၇၂ လက်မမှ ၈၆ လက်မခန့်ဖြစ်သည်။ မိုးများသည့် ဒေသများတွင်စိုက်ပျိုးပါက ရေဝပ်ပြီး အပင်ယိုင်လဲမှုမရှိ စေရန်နှင့် ကြီးထွားမှုမရပ်တန့်စေရန်အတွက် ရေထုတ် မြောင်းများပြုလုပ်၍ မဖြစ်မနေရေထုတ်ပေးရမည်။

**အာလူး**

အာလူးစိုက်ပျိုးရာတွင် စိုက်သည့်ဒေသ၊ စိုက်သည့် ရာသီအပေါ် မူတည်ပြီး ရေသွင်းသင့်၊ မသင့် စဉ်းစား ဆုံးဖြတ်ရမည်။ အာလူးသည်မြေကြီးအတွင်းမှာ ဥသည် ဖြစ်၍ ရေသွင်းသည့်အခါ မနည်းလွန်း၊ မများလွန်း စေရေး အထူးသတိထားရန်လိုအပ်သည်။ အပင်စပေါက်ချိန်တွင် အစိုဓာတ်မလုံလောက်ပါက အမြစ် ဖွံ့ဖြိုးမှုပျက်စီးတတ်သဖြင့် အပင်ပေါက်စုံသည် အထိ အစိုဓာတ်လုံလောက်ရန်လိုသည်။ စိုက်ပြီး ၁၀ ရက်၊ ၁၅ ရက်အတွင်း အနည်းဆုံး ရေတစ်ကြိမ် သွင်းသင့်သည်။ ပင်ပိုင်းကြီးထွားမှုအဆင့်တွင် ရေလိုအပ်ချက်မြင့်တက်လာသဖြင့် ခုနစ်ရက်မှ ၁၀ ရက်ခြားတစ်ကြိမ် ရေသွင်းသင့်သည်။ ဤအဆင့်တွင် ရေငတ်ပါက အစာချက်လုပ်မှု ကျဆင်းပြီး အာလူးဥ ဖြစ်ပေါ်မှုပျက်စီးနိုင်သည်။ အာလူးဥကြီးထွားသည့် အဆင့်တွင် ရေကိုသေချာတိကျစွာထိန်းချုပ်နိုင်ရန် လိုအပ်သည်။ ဤအဆင့်တွင် ရေနည်းလွန်းပါက ဥအရွယ်အစားသေးသွားနိုင်ပြီး ရေများလွန်းပါက ရောဂါကျရောက်နိုင်သောကြောင့် မြေအစိုဓာတ်ကို သေချာစွာစစ်ဆေး၍ လိုအပ်ပါက ခုနစ်ရက်တစ်ကြိမ် ခန့် ရေသွင်းသင့်သည်။ ရေပေးသွင်းသည့်အခါ အာလူးစိုက်ပေါင်များကြားတွင် ကြာရှည်စွာ ရေဝပ်ခြင်း၊ ရေစိမ့်ခြင်းများမရှိစေရန် ဂရုစိုက်ရမည်။ ရေဝပ်၊ ရေစိမ့်ခြင်းများရှိပါက အာလူးမျိုးဥများပုပ်၍ ပျက်စီးသွားနိုင်သည်။ မရိတ်သိမ်းမီ ရင့်မှည့်ချိန်တွင် အစိုဓာတ်များပါက အာလူးဥများပုပ်တတ်သဖြင့် ရိတ်သိမ်းရန် ၁၀ ရက်၊ ၁၅ ရက် အလိုခန့်တွင် ရေဖြတ် ထားရန်လိုသည်။

**ကြက်သွန်နီ**

ကြက်သွန်နီသည် အမြစ်တိမ်သည့် သီးနှံဖြစ်သည့် အလျောက် အစိုဓာတ်လုံလောက်စွာရရှိစေရန် မဖြစ် မနေရေပေးသွင်းရသည်။ ရေသွင်းများလွန်းပါက ရောဂါ ကျရောက်နိုင်သည့်အတွက် အရည်အသွေးကောင်း မွန်သော ကြက်သွန်နီရရှိနိုင်ရန် ရေကိုတိကျစွာ ထိန်းချုပ်နိုင်ရန်လိုသည်။ မြေအစိုဓာတ်အခြေအနေ ပေါ်မူတည်၍ ရေကိုခပ်ပါးပါး မကြာခဏသွင်းသင့် သည်။ ကြက်သွန်ခင်းသည် မစိုလွန်း၊ မခြောက်လွန်းသော အခြေအနေတွင်ရှိရမည်။ စိုက်ချိန်တွင် အပင်ပေါက်နှုန်း ကောင်းရန်အတွက် အစိုဓာတ်လုံလောက်စွာရှိရမည်။ ပင်ပိုင်းကြီးထွားမှုအဆင့်တွင် ရေလိုအပ်ချက်မြင့်တက် လာပြီး ဤအချိန်ရေငတ်ပါက အရွက်များနွမ်းခွေ လာပြီး အရောင်ပြောင်းလာခြင်း၊ အပင်ကြီးထွားမှု ရပ်ဆိုင်းခြင်းဖြစ်နိုင်သဖြင့် တစ်ပတ်တစ်ကြိမ် ရေသွင်းသင့်သည်။ ဥစတင်ဖြစ်ပေါ်သည့်အချိန် တွင် ရေလိုအပ်ချက်အမြင့်ဆုံးဖြစ်ပြီး ဤအဆင့်တွင် ရေလုံလောက်မှုရှိမှသာ ဥအရွယ်အစားကြီး၍ အရည် အသွေးကောင်းမည်ဖြစ်သဖြင့် ငါးရက်မှ ခုနစ်ရက် တစ်ကြိမ် ရေသွင်းသင့်သည်။ ကြက်သွန်ဥမတူးဖော်မီ တွင် အစိုဓာတ်များလွန်းပါက ဥပုပ်တတ်သဖြင့် မရိတ်သိမ်းမီ ၁၅ ရက်မှ ၂၅ ရက် ခန့်အလိုတွင် ရေဖြတ် တောက်ပေးရမည်။ ရာသီဥတု၊ မြေအမျိုးအစား၊ စိုက်သည့်မျိုးကွဲနှင့် အပင်အရေအတွက်ပေါ် မူတည် ၍ စိုက်ပျိုးရာသီတစ်လျှောက် ရေလိုအပ်မှုမှာ ၁၄ လက်မမှ ၂၃ လက်မခန့်လိုအပ်သည်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူသည် ရေကိုလိုအပ်သော်လည်း ရေဝပ်ဒဏ်လုံးဝမခံနိုင်၍ ရေသွင်း၊ ရေထုတ်လွယ်ကူ အောင် စိုက်ပေါင်များဖော်၍ စိုက်ပျိုးသင့်သည်။ ၎င်းသည် ကြက်သွန်နီကဲ့သို့ အမြစ်တိမ်သည့် သီးနှံ ဖြစ်သည့်အတွက် မျိုးဥများစိုက်ပြီးချိန်တွင် ရေကို ချက်ချင်းသွင်းပေးရမည်။ ပင်ပိုင်းကြီးထွားချိန် ကာလ၌ ရေလိုအပ်ချက်များသည့်အတွက် ဤကာလ တွင် မြေအစိုဓာတ်အခြေအနေပေါ်မူတည်ပြီး တစ်ပတ် တစ်ကြိမ်မှ တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ရေသွင်းသင့်သည်။ ကြက်သွန်ဖြူဥ ဖွဲ့စည်းသည့် အချိန်တွင် ရေလုံလောက်မှုရှိမှသာ ဥအရွယ်အစား ကြီးလာပြီး အရည်အသွေးကောင်းမည်ဖြစ်သဖြင့် မြေအစိုဓာတ်ပေါ်မူတည်၍ ငါးရက်မှ ခုနစ်ရက်ခန့် ခြားပြီး ရေဆက်လက်ပေးသွင်းရန်လိုသည်။ ကြက်သွန် ဖြူဥများ သိုလှောင်ရာ၌ ပုပ်ခြင်း၊ မှိုစွဲခြင်းများ မဖြစ်စေရန် ကြက်သွန်ဖြူဥမတူးဖော်မီ ၁၅ ရက်မှ ၂၅ ရက်ခန့်အလိုတွင် ရေဖြတ်တောက်ပေးရမည်။

**သတိပြုရန်အချက်များ**

ရေဝပ်ဒဏ်မခံနိုင်သည့် သီးနှံများအား ပေါင်ကြီး တင်စနစ်ဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက အကောင်းဆုံး ဖြစ်သည်။ ယခုဖော်ပြခဲ့သည့် သီးနှံပင်များ၏ ရေလိုအပ် ချက်များမှာ အပင်ကြီးထွားမှုအဆင့်အလိုက် ယေဘုယျ အားဖြင့်အနီးစပ်ဆုံး ရေလိုအပ်ချက်များသာဖြစ် သည်။ စိုက်ပျိုးသည့် သီးနှံမျိုးကွဲ၊ မြေအမျိုးအစား၊ မြေမျက်နှာသွင်ပြင်အနေအထားနှင့် ရာသီဥတုပေါ် မူတည်၍ ရေလိုအပ်ချက်များကွဲပြားနိုင်သည်။ ရေသွင်း နိုင်ရန် အရေးကြီးဆုံးအချက်မှာ လိုအပ်သည့်အချိန်တွင် ရေရရှိနိုင်ရေးဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုများ ကြောင့် ဆည်ရေသောက်၊ မြစ်ရေတင် စသည့် ရေသေချာသည့် ဒေသများ၌ပင် နွေရာသီ၌ ရေလုံ လောက်စွာရရှိရေးအတွက် အခက်အခဲများစွာရှိနေပါ သေးသည်။ “ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ” ဟူသည့် ဆိုရိုး စကားအတိုင်း တောင်သူလယ်သမားများအနေဖြင့် သီးနှံများလိုအပ်သည့် ရေကိုအချိန်မီပေးသွင်းနိုင် ရန်အတွက် မိမိတို့ကိုယ်တိုင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းအားထုတ်ပြီး နည်းလမ်းများရှာကြံ ထားသင့်သည်။ ဥပမာအားဖြင့် ရွာသွန်းသောမိုးရေကို စနစ်တကျ သိုလှောင်ထားခြင်း၊ စိုက်ခင်းအတွင်း မိုးရေခံမြောင်းတူးထားခြင်း၊ မြေအောက်ရေကို စနစ်တကျ ထုတ်ယူသုံးစွဲခြင်း၊ ဆိုလာစနစ်အသုံးပြု၍ ရေသွင်းရေတင်ခြင်း စသည့်နည်းလမ်းများဖြင့် မိမိတို့ ဒေသ၏ ပထဝီအနေအထားပေါ်မူတည်၍ ရေရရှိနိုင် ရေးနည်းလမ်းများကို ကြံဆဆောင်ရွက်သင့်သည်။ လိုအပ်ချက်အခက်အခဲများရှိပါကလည်း စိုက်ပျိုးရေး ဦးစီးဌာနမှ ပညာပေးဝန်ထမ်းများ၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ စိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင် သည့်ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ မိမိတို့၏ အခက်အခဲကိုတင်ပြ၍ အကူအညီတောင်းခံအကြံ ဉာဏ်များရယူသင့်သည်။

ကျေးဇူးရှင်တောင်သူလယ်သမားများအနေဖြင့် အရေးကြီးသီးနှံများအား ရေပေးသွင်းရန်အတွက် အခြေခံအားဖြင့် သိထားသင့်သည့် အချက်များကိုသိရှိ ပြီး လက်တွေ့လိုက်နာကျင့်သုံးခြင်းအားဖြင့် ပန်းတိုင် အထွက်နှုန်းများ ပြည့်မီလာရေးအတွက် အထောက် အကူပြုနိုင်စေရန်မျှော်မှန်း၍ လေ့လာမှတ်သားသိရှိ ထားသည်များကို ရေးသားတင်ပြလိုက်ရပါသည်။ ။

---

### MWD Variety Channel

၂၇-၁၀-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၄၀ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၂။ ၁၀:၅၀ Countries of the World
၃။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၄။ ၁၇:၄၅ ပရိသတ်အတွက် ကဗျာလက်ဆောင်

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၆ မေတ္တာပို့
၃။ ၀၇:၂၀ ကိုယ်လက်လှုပ်ရှား အားကစား
၄။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၄:၀၀ မှတ်သားလိုက်နာ ပုံပမာ
၇။ ၁၅:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
၈။ ၁၇:၁၀ **သီချင်းလက်ဆောင်**
၉။ ၁၈:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း**
၁၀။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ**
၁၁။ ၁၈:၄၀ **ကျန်းမာသုတ**
၁၂။ ၁၉:၀၀ **CGTN Nature အပိုင်း(၁၃)**
၁၃။ **ည ၈ နာရီသတင်းအပြီး** အမျိုးသားရေးတေးကဗျာ
၁၄။ မျှဝေဆွေးနွေး အနာဂတ်အရေး

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ (၃၀)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပပြုလုပ်



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ကထိန်သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် (၃၀)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပပြုလုပ်ရာ ကျိုင်းတုံမြို့ ကောင်းမှုခမ်းကျောင်းဆရာတော် ဘဒ္ဒန္တဝိဇေယျ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းရှေ့)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်စေတနာရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိဇယထံမှ သာဓုအနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုဆုတောင်းကြပြီး ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တိုင်းစစ်ဌာနချုပ်အနေဖြင့် အဆိုပါ စုပေါင်းမဟာဘုံကထိန်တွင် ပစ္စည်းနှင့်ငွေသား ကျပ်(၆၄၄)သိန်းကျော်တန်ဖိုးရှိ ပဒေသာပင်စုစုပေါင်း(၃၆)ပင်အား ကျိုင်းတုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း(၂၃)ကျောင်းသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

**● ကျောဖုံးမှအဆက်**

ရတနာပုံအသင်း တိုက်စစ်မြှင့်ကစားကာ ရောဝတီယူနိုက်တက်အသင်း၏ နောက်တန်းခံစစ်ကို အကြိမ်ကြိမ်ဖြတ်ကျော်နိုင်ခဲ့သော်လည်း ရောဝတီယူနိုက်တက်အသင်းက အကောင်းဆုံးကာကွယ်ဟန့်တားနိုင်ခဲ့၍ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

ဒုတိယပိုင်းတွင် ရောဝတီအသင်းကခံစစ်ထိုင်ကစားပြီး တန်ပြန်တိုက်စစ်ဖြင့်သာ တစ်ချက်တစ်ချက်ထိုးဖောက်ကစားခဲ့သည်။ ရတနာပုံအသင်းက လူစားလဲဝင်ရောက်မှုများဖြင့် ဘောလုံးပိုင်ဆိုင်မှုရယူကာ ချေပဂိုးရရှိရေးတရစပ်တိုက်စစ်ဆင်ကစားခဲ့သော်လည်း ပထမပိုင်းရရှိသည့်ဂိုးဖြင့်ပင် ရောဝတီယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)၏ အောက်တိုဘာလ ၂၇ ရက်နေ့ ပြိုင်ပွဲများဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့သည် YUSC ကွင်း၌လည်းကောင်း၊ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့သည် သန်လျင်မြို့ သီဟဒီပကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

Mytel ဖုန်းဘောလ်နဲ့ထီဝယ်ချင်ရင်
*117#
Mytel ဖုန်းဘောလ်နဲ့ထီကံစမ်းထားသူများထီဆုငွေထုတ်ယူရန်
*117*5#
Call Center 777 (or) 09 677 000 777
SCAN ME
*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘောလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်း(၁၂)ခု ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် | - | ၂၇-၁၀-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၁၀-၁၁-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်း(၁၂)ခုအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC Team)Third Party ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် | - | ၂၇-၁၀-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၁၀-၁၁-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ Union ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဇွန်ပန်းဖြူ၏ဖခင်အမည်မှန်မှာ ဦးစိုးမင်းနိုင် ၉/လဝန(နိုင်)၁၇၆၈၆၆ ဖြစ်ပါကြောင်း။
ဦးစိုးမင်းနိုင်

**ပျောက်ဆုံးကြောင်း**
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၂ နေ မဆွေဆွေမြတ်(ဘ)ဦးဘကြည် ၉/မမန(နိုင်)၀၈၃၂၇၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၀၁၀၅၅

**အမည်ပြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ အ.ထ.က(ခွဲ)ခင်ပြည့် Grade-3 မှ (ဘ)ဦးအောင်မင်း ၁၄/မမက(နိုင်)၀၀၀၆၅၈ ၏သား မောင်ပြည့်ဖြိုးသော်အား မောင်ဖြိုးပြည့်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဖြိုးပြည့်ဇင်

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့နယ်၊ မအူတန်းရွာ၊ ရေဆုံးအုပ်စုနေ သက်ကိုလင်း(ဘ)ဦးကျော်မိုး ၇/ညလပ(နိုင်)၂၁၇၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၇၆၄၇၆၈၃

**ပျောက်ဆုံးကြောင်း**
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ မချောယုအောင်(ဘ)ဦးမရစ်လ ၁/မကန(နိုင်)၂၅၇၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၆၅၅၀၆၁

**ပျောက်ဆုံးကြောင်း**
နှင်းအိဖြူ(ဘ)ဦးသိန်းဝင်း ၉/ဥတသ(နိုင်)၀၀၀၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မအိအိ(ဘ)ဦးအိုက်ကွေး ၁၃/သနန(နိုင်)၀၅၂၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 835550)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းထွဋ်ဝင်း(ဘ)ဦးငြိမ်းဆောင် ၉/တသန(နိုင်)၂၀၂၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 220645)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မိငယ်(ဘ)ဦးညာဏ်အောင် ၁၀/ပမန(နိုင်)၂၈၃၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 586087)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ငွန်လှေအိယန်(ဘ)ဦးကျဲအိုလွန်း ၄/ဟခန(နိုင်)၀၅၃၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်မျိုးထွန်း(ဘ)ဦးစံတင် ၈/မမန(နိုင်)၁၉၄၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 878556)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

# တိုက်စစ်မှူးဆာလက်ချ်၏ခြေစွမ်းပိုင်းအပေါ် စိုးရိမ်မှုမရှိကြောင်း နည်းပြဆလော့ ပြောကြား




လန်ဒန် အောက်တိုဘာ ၂၆

လီဗာပူးအသင်းနည်းပြ ဆလော့က တိုက်စစ်မှူးဆာလက်ချ်၏ လက်ရှိခြေစွမ်းပိုင်းအပေါ် စိုးရိမ်မှုမရှိဟုပြောကြားကြောင်း သိရသည်။

တိုက်စစ်မှူးဆာလက်ချ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက သွင်းဂိုးစုစုပေါင်း ၂၉ ဂိုး ရရှိသည်အထိ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး လီဗာပူးအသင်းကို ပရီးမီးယားလိဂ်ဖလားရရှိစေရန် အဓိကစွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း လက်ရှိဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၁၂ ပွဲကစားထားပြီး သုံးဂိုးသာ သွင်းယူထားနိုင်ခဲ့သည်။

နည်းပြဆလော့က စွမ်းဆောင်ရည်ပိုင်းကျဆင်းနေသည့် တိုက်စစ်မှူးဆာလက်ချ်၏ ခြေစွမ်းပိုင်းအပေါ် စိုးရိမ်မှုမရှိကြောင်းနှင့် ၎င်းအနေဖြင့် သွင်းဂိုးများ ပြန်လည်သွင်းယူနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

နည်းပြဆလော့က "တိုက်စစ်မှူးဆာလက်ချ်က အသင်းအတွက် ဂိုးတွေအများကြီးသွင်းယူပေးခဲ့တဲ့သူပါ။ ဒါကြောင့် လက်ရှိအချိန်မှာ သူ့ရဲ့ဂိုးသွင်းနိုင်စွမ်းအပေါ်မှာ ကျွန်တော် စိုးရိမ်မှုမရှိပါဘူး။ ဂိုးသွင်းတဲ့အလုပ်က သူ့ဘဝတစ်လျှောက်လုံးလုပ်လာတဲ့အရာပါ။ လာမယ့်ပွဲစဉ်တွေမှာ သွင်းဂိုးတွေ ပြန်လည်သွင်းယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပေါင် ၄၁၅ သန်းအထိအသုံးပြုပြီး အသင်း၏တိုက်စစ်ပိုင်းကို ဖြည့်ဆည်းခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်မတိုင်မီ ပြိုင်ပွဲစုံလေးပွဲဆက်ရှုံးနိမ့်ခဲ့ကာ ပြီးခဲ့သည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် ဖရန့်ဖတ်အသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဆာလက်ချ်အနေဖြင့်လည်း ပရီးမီးယားလိဂ်ခုနစ်ပွဲဆက် ပယ်နယ်တီသွင်းဂိုးမပါဝင်ဘဲ ဂိုးပေါက်ပျောက်ဆုံးနေခြင်းကြောင့် ၂၀၁၇ ခုနှစ်နောက်ပိုင်း အချိန်ရှည်ကြာသည့် ဂိုးပေါက်ပျောက်ဆုံးနေမှုနှင့်တွေ့ကြုံနေပြီး ဖရန့်ဖတ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

**Ref; Goal.com**

# ဘာစီလိုနာအသင်းတွင်သာ ကာလရှည်ကြာကစားလိုကြောင်း တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ပြော

ဘာစီလိုနာ အောက်တိုဘာ ၂၆

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်အနေဖြင့် ဘာစီလိုနာအသင်းတွင်သာ ကာလရှည်ကြာကစားလိုပြီး အပြီးသတ်ပြောင်းရွှေ့ကစားခွင့်ရလိုသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စာချုပ်တွင် ပေါင်သန်း ၃၀ ဖြင့် အပြီးသတ်ပြောင်းရွှေ့နိုင်မည့် အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုထားသည်။

ရက်ရှ်ဖို့ဒ်အနေဖြင့် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၂ ပွဲ ပါဝင်ကစားထားပြီး ငါးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုခြောက်ကြိမ် ပြုလုပ်ထားနိုင်ခဲ့သည့်အပြင် နည်းပြတူချယ် ကိုင်တွယ်နေသည့် အင်္ဂလန်လက်ရွေးစင်အသင်းတွင်လည်း ပါဝင်ခွင့်ရလာခဲ့သည်။

တိုက်စစ်မှူးရက်ရှ်ဖို့ဒ်က "စပိန်မှာ အရမ်းပျော်ရွှင်ပါတယ်။ ကြီးမားတဲ့အပြောင်းအလဲတစ်ခုပါပဲ။ ဒီမှာ ကာလရှည်ကြာဆက်နေဖို့ မျှော်လင့်ပါတယ်။ ဘာစီလိုနာအသင်းက စည်းလုံးသလို အရမ်းကောင်းတဲ့ အသင်းတစ်သင်းပါ။ ဒါ့ပြင် ဘာစီလိုနာအသင်းအတွက် ကစားခွင့်ရတာကိုလည်း ဂုဏ်ယူပါတယ်။ ကျွန်တော် ဆက်လက်ကြိုးစားကစားနေမှာပါ။ အသင်းရဲ့ ကစားဖော်တွေနဲ့လည်း အရမ်းအဆင်ပြေပါတယ်"ဟု ပြောသည်။

တိုက်စစ်မှူးရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းတွင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ကစားသမားဘဝ အကောင်းဆုံးဘောလုံးရာသီအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုး ၃၀ အထိ သွင်းယူနိုင်ခဲ့ကာ ၂၀၂၈ ခုနှစ်အထိ သက်တမ်းရှိသော စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ရက်ရှ်ဖို့ဒ်အနေဖြင့် နောက်ပိုင်းတွင် မန်ယူအသင်း၌ ကွင်းတွင်း၊ ကွင်းပြင်ပြဿနာများနှင့် တွေ့ကြုံလာခဲ့ရကာ နည်းပြဟောင်း တန်ဟတ်နှင့် လက်ရှိအသင်းနည်းပြ အမိုရင်တို့နှင့်ပါ အဆင်မပြေဖြစ်ခဲ့ပြီးနောက် ယခုနှစ်အစောပိုင်းတွင် အက်စ်တွန်ဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရသည်။

ထို့နောက် အက်စ်တွန်ဗီလာအသင်းတွင် ပြိုင်ပွဲစုံ ၁၇ ပွဲယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အက်စ်တွန်ဗီလာအသင်းနှင့် အငှားစာချုပ်ကုန်ဆုံးပြီးနောက် လက်ရှိအချိန်တွင် ဘာစီလိုနာအသင်း၌ အကောင်းဆုံးခြေစွမ်းပြကစားနေကြောင်း သိရသည်။**Ref; Fabrizio Romano**

# ပါနာသီနာကို့စ်အသင်း နည်းပြအဖြစ် ခန့်အပ်ခံရပြီး ဂရိလိဂ်ပြိုင်ပွဲ၏ လုပ်ခလစာ အများဆုံးရ နည်းပြအဖြစ် ဘင်နီတက်ဇ် ရပ်တည်

အေသင် အောက်တိုဘာ ၂၆

ပါနာသီနာကို့စ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံရပြီးနောက် ဘင်နီတက်ဇ်သည် ဂရိလိဂ်ပြိုင်ပွဲ၏ လုပ်ခလစာအများဆုံးရရှိသည့် နည်းပြဖြစ်လာခဲ့ကြောင်း သိရသည်။

အသက် ၆၅ နှစ်အရွယ် နည်းပြဘင်နီတက်ဇ်သည် စပိန်ကလပ် ဆဲလ်တာဗီဂိုအသင်းမှ ၂၀၂၄ ခုနှစ်က ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေကာ ၎င်းကို ပါနာသီနာကို့စ်အသင်းက နှစ်နှစ်ခွဲစာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်လုပ်ခလစာ ပေါင် ၄ ဒသမ ၄ သန်းရရှိမည်ဖြစ်ကာ ဂရိလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာအများဆုံးရရှိသည့် နည်းပြဖြစ်လာခဲ့သည်။

နည်းပြဘင်နီတက်ဇ်သည် ယခင်က ဗလင်စီယာ၊ နာပိုလီ၊ လီဗာပူး၊ ချယ်လ်ဆီး၊ အင်တာမီလန်၊ ရီးယဲလ်မက်ဒရစ်၊ နယူးကာဆယ်နှင့် အဲဗာတန်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးပြီး ဥရောပဘောလုံးပြိုင်ပွဲတွင်လည်း အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

ထို့ပြင် စပိန်လူမျိုးနည်းပြ ဘင်နီတက်ဇ်သည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် ဗလင်စီယာအသင်းနှင့် ယူရိုပါလိဂ်ဖလားကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်ချန်ပီယံလိဂ်ဖလားကိုလည်းကောင်း၊၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်ယူရိုပါလိဂ်ဖလားကိုလည်းကောင်း ဆွတ်ခူးရရှိနိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လက်ရှိတွင် ၎င်းကိုင်တွယ်မည့် ပါနာသီနာကို့စ်အသင်းသည် ဂရိလိဂ်ပွဲစဉ်ခြောက်ပွဲ ယှဉ်ပြိုင်ကစားထားပြီး နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ်ကိုးမှတ်ရရှိကာ အမှတ်ပေးဇယားအဆင့်(၈)နေရာ၌ ရပ်တည်နေပြီး အဆင့်(၁)နေရာမှ ပေါက်အသင်းနှင့် ရှစ်မှတ်အထိကွာဟနေသည်။

ထို့ပြင် ပါနာသီနာကို့စ်အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ပွဲစဉ်သုံးပွဲကစားအပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားကာ အဆင့်(၂၂)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။ **Ref; Fabrizio Romano**

# ဝက်စ်ဟမ်းအသင်းက လိဒ်အသင်းကို ထပ်မံရှုံးနိမ့်ခဲ့ပြီးနောက် နှစ် ၅၀ ကျော်အတွင်း အဆိုးရွားဆုံးရာသီအစပိုင်းနှင့် တွေ့ကြုံနေ

လန်ဒန် အောက်တိုဘာ ၂၆

ဝက်စ်ဟမ်းအသင်းသည် လိဒ်အသင်းကို ထပ်မံရှုံးနိမ့်ခဲ့ပြီးနောက် နှစ် ၅၀ ကျော်အတွင်း အဆိုးရွားဆုံးရာသီအစပိုင်းနှင့် တွေ့ကြုံနေရကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၉)အဖြစ် လိဒ်အသင်းနှင့်ယှဉ်ပြိုင်ကစားရာ ၂ ဂိုး-၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ယခုဘောလုံးရာသီတွင် နိုင်ပွဲတစ်ပွဲသာရရှိခဲ့သည့်အတွက် အဆင့်(၁၉)နေရာ၌ ရပ်တည်နေကာ အမှတ်ပေးဇယားတန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

ဝက်စ်ဟမ်းအသင်းအနေဖြင့် ပရီးမီးယားလိဂ် ကိုးပွဲကစားအပြီးတွင် ရမှတ်လေးမှတ်ရရှိခဲ့ပြီး ၁၉၃၂-၁၉၃၃ ဘောလုံးရာသီနှင့် ၁၉၇၃-၁၉၇၄ ဘောလုံးရာသီနောက်ပိုင်း အဆိုးရွားဆုံးရလဒ်ဖြင့် ဘောလုံးရာသီအစပိုင်းကို တွေ့ကြုံနေရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလက နော်တင်ဟမ်အသင်းနည်းပြဟောင်း နူနိုဆန်းတို့စ်ကို နည်းပြဂရေဟမ်ပေါ်တာ၏နေရာ၌ အစားထိုးခန့်အပ်ခဲ့သော်လည်း ၎င်းကိုင်တွယ်သည့်လက်ထက် သုံးပွဲဆက်အရှုံးဖြင့် တွေ့ကြုံနေရသကဲ့သို့ ရလဒ်ကောင်းရရှိရန် ဆက်လက်ရုန်းကန်နေရသည်။

နည်းပြနူနိုဆန်းတို့စ်အနေဖြင့်လည်း ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ၂၀၁၈ ခုနှစ် စက်တင်ဘာလပိုင်းတွင် မန်စီးတီးအသင်းနည်းပြဟောင်း မန်နူရယ်ပယ်လီဂရီနီနောက်ပိုင်း အသင်းသစ်ကို ပထမဆုံးကိုင်တွယ်ခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်လေးပွဲတွင် နိုင်ပွဲမရရှိသည့် ပထမဆုံးနည်းပြဖြစ်လာခဲ့ကြောင်း သိရသည်။

ပေါ်တူဂီလူမျိုးနည်းပြနူနိုဆန်းတို့စ်က "ကျွန်တော်တို့အသင်းမှာ ပြဿနာတွေရှိနေပါတယ်။ ဒီပြဿနာတွေကို ရှောင်ပုန်းနေစရာမလိုပါဘူး။ အားလုံးရှင်သန်နေရပါမယ်။ အချိန်အခါဆိုတာရှိပါတယ်။ ဒါပေမဲ့ မပြောင်းလဲရင် ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ ပြင်ဆင်မှုကောင်းကောင်းလုပ်ပြီး အလုပ်ကြိုးစားရပါမယ်"ဟု ပြောသည်။





ထို့ပြင် ဝက်စ်ဟမ်းအသင်းအနေဖြင့် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ပေးခဲ့ရသည့် ကိုးဂိုးမှာ ထောင့်ကန်ဘောမှ ပေးရခြင်းဖြစ်ကာ ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပွဲစဉ်(၉)အထိ ယှဉ်ပြိုင်ကစားအပြီး ထောင့်ကန်ဘောမှ ပေးဂိုးအများဆုံးအသင်းအဖြစ် မှတ်တမ်းဝင်နေကြောင်း သိရသည်။ **Ref; Fotmob**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့်ရေယာဉ် ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၃၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၂၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ ရေဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၅၆၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၉၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် KIA Bongo III Coach (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မင်းလှမြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၁ ဒသမ ၃၂၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၈၃၉၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၅၉၂၀)**ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်နှင့် ၂၄ ရက်**တို့တွင် ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၀၀၀၀၀)**ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၃ ရက်**တွင် ရန်ကုန်မြို့ သာကေတဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၁၀၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၆၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၆၇၈၃၁၀၁၈)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. တော်ဝင်နန်း ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၂၄ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၁၂၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၀၆၁၅၀၁၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၃၄၅၈၉၃၈)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား ၁၅၀ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။


မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသားများနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၅၀ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၉၆၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ဒူးရင်းသီးများကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန်စီစဉ်



ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ဒူးရင်းသီးများကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်စိန်၏ပြောဆိုချက်အရ သိရသည်။

တရုတ်နိုင်ငံသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ရှိသော ဒူးရင်းသီးများကို ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းလျက်ရှိပြီး လက်ရှိတွင် ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်နှင့် မလေးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့် တင်ပို့လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ဈေးကွက်ရရှိရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ဒူးရင်းသီးတွေကို ပြည်ပဈေးကွက်မှာ နေရာရရှိစေဖို့ရည်ရွယ်ချက်နဲ့ ပြီးခဲ့တဲ့စက်တင်ဘာလအတွင်းက တရုတ်နိုင်ငံ နန်နင်းမြို့မှာ ကျင်းပခဲ့တဲ့ (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှာ မြန်မာ့ဒူးရင်းသီးအကြောင်းကို မိတ်ဆက်ပြောကြားခဲ့တာ တရုတ်လုပ်ငန်းရှင်တွေက စိတ်ဝင်စားခဲ့ကြပါတယ်"ဟု ဒေါက်တာမြင့်စိန်ကပြောသည်။

ယခုအခါ မြန်မာ့ဒူးရင်းသီးများကို ပြည်ပသို့ ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကိုလည်း ဖွဲ့စည်းထားပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် ဖွဲ့စည်းထားသည့်အသင်းများကို စုစည်းကာ နိုင်ငံအဆင့်အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်တွင်း၌ ဒူးရင်းသီးမျိုးကွဲပေါင်း ၁၈ မျိုးခန့်ရှိသည့်အနက် ဈေးကွက်သေချာသည့် ဒူးရင်းသီးမျိုးများကို အရည်အသွေးမြှင့်တင်ကာ တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများထဲတွင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ဒူးရင်းသီးစားသုံးမှုမြင့်မားသော နိုင်ငံများဖြစ်ကြပြီး နှစ်စဉ်ပြည်ပမှ ဒူးရင်းသီးတန်ချိန်အမြောက်အမြားတင်သွင်းလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ညောင်ရွှေမြို့နယ်၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း ရန်ပုံငွေထုတ်ချေး

ညောင်ရွှေ အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အင်းခြံကေလာကျေးရွာအုပ်စု စိတ္တာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေ ပထမအကြိမ်အဖြစ် အောက်တိုဘာလ ၂၆ ရက်တွင် ထုတ်ချေးပေးသည်။

ထိုသို့ ကွင်းဆင်းထုတ်ချေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စိတ္တာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့နှစ်ဖွဲ့ကို ရန်ပုံငွေ ငွေကျပ် သိန်း ၁၅၀ ထုတ်ချေးပေးခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖူးစားပြောင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၄၀၀၀ ကျော်ထွက်ရှိ

ပွင့်ဖြူ အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖူးစားပြောင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၄၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၂၂၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ဩဂုတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းရာ လက်ရှိတွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ပြောင်းဖူး ၁၄၀၀၀ ကျော်ထွက်ရှိကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၂၂၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီဖူးစားပြောင်းစိုက်ခင်းတွေကို ဩဂုတ်လဒုတိယပတ်လောက်ကစပြီး ရိတ်သိမ်းခဲ့တာ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ပြောင်းဖူး ၁၄၀၀၀ ကျော် ထွက်ရှိပါတယ်။ ဖူးစားပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ အချိန်မီ သီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာတွေကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။




ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး၊ သီးနှံများ အချိန်မီရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီးသီးနှံများ အမိုးအကာအောက်သို့ စနစ်တကျထားသိုထိန်းသိမ်းနည်းပညာများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၌ ဆင်မကြီးမိုမို၏ ၇၂ နှစ်ပြည့်မွေးနေ့ပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၌ ဆင်မကြီးမိုမို၏ ၇၂ နှစ်ပြည့်မွေးနေ့ပွဲကို အောက်တိုဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆင်မကြီးမိုမို၏ ၇၂ နှစ်ပြည့်မွေးနေ့ပွဲတွင် သစ်သီးဝလံအစုံအလင်ပါဝင်သည့် မွေးနေ့ကိတ်ခွဲခြင်း၊ မွေးနေ့ဆုတောင်းပေးခြင်းအစီအစဉ်၊ တိရစ္ဆာန်လေးများနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ မျက်လှည့်အစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲအစီအစဉ်များ ပါဝင်သည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများအတွက် ဈေးရောင်းပွဲတော်လည်း ပါဝင်ပြီး အစားအသောက်အရောင်းဆိုင်များ၊ အရုပ်ဆိုင်များ၊ အမှတ်တရအဝတ်အထည်ဆိုင်များ၊ ကလေးများအတွက် ပျော်ရွှင်စရာဉာဏ်စမ်းဂိမ်းကစားနည်းများနှင့် တခြားပျော်ပွဲရွှင်ပွဲအစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

ဆင်မကြီးမိုမိုသည် ကလေးများ၏ အချစ်တော်ဖြစ်ရုံသာမက လူကြီးများ၏ ချစ်ခင်ကြင်နာမှုအပြည့် ရရှိထားသော အလွန်လိမ္မာသည့် ဆင်မကြီးဖြစ်ပြီး ဆင်မကြီးမိုမို၏မွေးနေ့ကို အသက် ၆၀ ပြည့်နှစ်မှစ၍ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၌ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မှ အရသာရှိ စိတ်ရွှင်ကြည်နူး ....
Tea Mix
Lemon Tea
Black Tea
ရွှေဖီဦး BLACK TEA (နောက်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိသည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်
၈၃ / ၂၀၂၅ ထုတ်ပြန်


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်
၈၄ / ၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်
၈၅ / ၂၀၂၅ ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်
၈၆ / ၂၀၂၅ ထုတ်ပြန်

စာ - ၇ သို့

# အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် အောက်တိုဘာ ၂၆

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်(Deep Depression)သည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်တောင်ဘက်ရေမိုင် ၄၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၄၀၅ မိုင်ခန့်၊ ကာကီနာဒါမြို့(Kakinada)၏အရှေ့တောင်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

**စာမျက်နှာ ၁၁ ကော်လံ ၃ ○**

ဆောင်းပါး

တက်ညီ၊ လက်ညီ . . . ဒီမိုကရေစီပန်းတိုင်ဆီသို့

စာ - ၁၃ သို့

ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း( BE.FALLS) သို့ ၂ ဒသမ ၅ သန်းပြည့် လာရောက်လည်ပတ်သည့်ဧည့်သည်အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်

စာ - ၅ သို့




# ရောဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ပြိုင်ပွဲတစ်ခုဖြစ်သည့် ရောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ ကျောက်တိုင်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြရာ ရောဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပြိုင်ပွဲသည် ပွဲစသည်နှင့် နှစ်ဖက်တိုက်စစ်က အလျှင်အမြန်ရှိပြီး အပြန်အလှန်ဂိုးပေါက်ခြိမ်းခြောက်မှုများရှိခဲ့သည်။ ပွဲကစားချိန် ၈ မိနစ်အရောက်တွင် ရတနာပုံဂိုးဧရိယာအတွင်း ရောဝတီကစားသမား ဟိန်းထက်အောင်က တည်ငြိမ်မင်းကို ပေးသည့်ဘောလုံးကို ရတနာပုံကစားသမား စိုးထက်ဝင်း ဖျက်ထုတ်ရာမှ ဂိုးဝင်သွား၍ ရောဝတီယူနိုက်တက်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ ဦးဆောင်ဂိုးပေးပြီးချိန်မှစ၍ **စာမျက်နှာ ၂၇ ကော်လံ ၄ ●**

# တက္ကသိုလ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အဆင့် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပသည်။

တက္ကသိုလ်ပေါင်းစုံ(အမျိုးသား) အုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် **စာမျက်နှာ ၇ ကော်လံ ၄ ◆**




Services

Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU